ဈာယီတိ၊ ဈာန်ဝင်စားသောသူဟူသည်ကား၊ ဧကတ္တတာ၊ သာမည ဟုဆိုအပ်သောတူသည်၏အဖြစ်သည်၊ ဟောတိ၊ ဖြစ်၏။ တတ္ထဝစနေ၊ ထို စကား၌၊ ဈာယီ၊ ဈာန်ဝင်စားခြင်းရှိသောသူသည်၊ ကတမော၊ အဘယ်နည်း၊ သေက္ခော၊ သေက္ခဖြစ်သော၊ ဈာယီ၊ ဈာန်ဝင်စားသော သူသည်၊ အတ္ထိ၊ ရှိ၏၊ အသေက္ခော၊ အသေက္ခဖြစ်သော၊ ဈာယီ၊ ဈာန်ဝင်စားသောသူသည်၊ အတ္ထိ၊ ရှိ၏၊ နေဝသေက္ခော၊ သေက္ခလည်းမဟုတ်သော၊ နာသေက္ခော၊ အသေက္ခ လည်းမဟုတ်သော၊ ဈာယီ၊ ဈာန်ဝင်စားသောပုထုဇ္ဇဉ်သည်၊ အတ္ထိ၊ ရှိ၏၊ အာဇာနေယျော၊ အာဇာနည်မြင်းကဲ့သို့ကောင်းစွာဆုံးမအပ်သော၊ ဈာယီ၊ ဈာန်ဝင်စားသောသူသည်၊ အတ္ထိ၊ ရှိ၏၊ အဿခဠုင်ကော၊ ဆုံးမခြင်းသို့မကပ် သောမြင်းကြမ်းကဲ့သို့ထိုမှဤမှပြေးသည်ဖြစ်၍၊ ဈာယီ၊ ဈာန်ဝင်စားသော သူသည်၊ အတ္ထိ၊ ရှိ၏၊ ဒိဋ္ဌုတ္တရော၊ ဒိဋ္ဌိလွန်သော၊ ဈာယီ၊ ဈာန်မဲ့သောသူသည်၊ အတ္ထိ၊ ရှိ၏၊ တဏှုတ္တရော၊ တဏှာလွန်သော၊ ဈာယီ၊ ဈာန်ရှိသော သူသည်၊ အတ္ထိ၊ ရှိ၏၊ ပညုတ္တရော၊ ပညာလွန်သော၊ ဈာယီ၊ ဈာန်ဝင်စားသောသူသည်၊ အတ္ထိ၊ ရှိ၏၊ အယံ၊ ဤဈာန်ဝင်စားသောသူအပြားအထူးသည်၊ ဈာယီနံ၊ ဈာန်ဝင်စားသောသူတို့၏၊ ဝေမတ္တတာ၊ ထူးသောအဖြစ်တည်းဟူသောဝိသေ သသည်၊ ဟောတိ၊ ဖြစ်၏။ ။သမာဓီတိ၊ တည်ကြည်ခြင်းသမာဓိဟူသည် ကား၊ ဧကတ္တတာ၊ သာမညဟုဆိုအပ်သောတူသည်၏ အဖြစ်သည်၊ ဟော တိ၊ ဖြစ်၏၊ တတ္ထဝစနေ၊ ထိုစကား၌၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိဟူ သည်၊ ကတမော၊ အဘယ်နည်း၊ သရဏော၊ ညစ်ညူးခြင်းကိလေသာဟူ သောမြူနှင့်တကွသော၊ သမာဓိ၊ အကုသိုလ်သမာဓိ၊ အရဏော၊ ညစ်ညူး ခြင်းကိလေသာဟူသောမြူနှင့်တကွမဖြစ်သော၊ သမာဓိ၊ အလုံးစုံသောကု သိုလ်အဗျာကတသမာဓိ၊ သဝေရော၊ ဒေါသဟူသောရန်နှင့်တကွသော၊ သမာဓိ၊ ပဋိဃစိတ်၌သမာဓိ၊ အဝေရော၊ ရန်မရှိသော၊ သမာဓိ၊ မေတ္တာစေ တောဝိမုတ္တိသမာဓိ၊ သဗျာပဇ္ဇော၊ ဒေါသနှင့်တူသောရန်နှင့်တကွသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ အဗျာပဇ္ဇော၊ ဒေါသနှင့်ကင်းသော၊ သမာ ဓိ၊ တည်ကြည်ခြင်းသမာဓိ၊ သပ္ပီတိကော၊ ပီတိနှင့်တကွသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ နိပ္ပီတိကော၊ ပီတိကင်းသော၊ သမာဓိ၊ တည်

ကြည်ခြင်းသမာဓိ၊ သာမိသော၊ လောကာမိသရှိသော၊ သမာဓိ၊ လောကီသ
မာဓိ၊ နိရာမိသော၊ အာမိသကင်းသော၊ သမာဓိ၊ လောကုတ္တရာ သမာဓိ၊ သ
သင်္ခါရော၊ တိုက်တွန်းခြင်းနှင့်တကွသော၊ သမာဓိ၊ တည်ကြည်ခြင်း သမာဓိ
အသင်္ခါရော၊ တိုက်တွန်းခြင်းမရှိသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊
ဧကံသဘာဝိတော၊ တပါးသောဝိပဿနာအဘို့ဖြင့်ပြင်းစွာပွါးစေအပ်သော
သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ ဥဘယံသဘာဝိတော၊ နှစ်ပါးသောသမ
ထဝိပဿနာအဘို့ဖြင့်ပွါးစေအပ်သော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ
ဥဘယတောဘာဝိတဘာဝနော၊ ကာယသက္ခိပုဂ္ဂိုလ်ဥဘတော ဘာဂဝိ
မုတ္တပုဂ္ဂိုလ်၏၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ သဝိတက္ကသဝိစာရော၊
ဝိတက်နှင့်လည်း တကွဝိစာရနှင့်လည်း တကွဖြစ်သော၊ သမာဓိ တည်
ကြည်ခြင်းသမာဓိ၊ အဝိတက္ကဝိစာရမတ္တော၊ ဝိတက်ကားမရှိဝိစာရမျှသာရှိ
သော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ အဝိတက္ကအဝိစာရော၊ ဝိတက်
လည်းမရှိဝိစာရလည်းမရှိသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ ဟာန
ဘာဂိယော၊ ယုတ်သောအဘို့ရှိသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊
ဌိတိဘာဂိယော၊ မယုတ်မတက်မူ၍တည်သောအဘို့ရှိသော၊ သမာဓိ၊ တည်
ကြည်ခြင်းသမာဓိ၊ ဝိသေသဘာဂိယော၊ ထူးသောအဘို့ရှိသော၊ သမာဓိ၊
တည်ကြည်ခြင်းသမာဓိ၊ နိဗ္ဗေဓဘာဂိယော၊ အထက်သို့ထိုးထွင်းခြင်းအ
ဘို့ရှိသော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ လောကိယော၊ လောကီဖြစ်
သော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ လောကုတ္တရော၊ လောကုတ္တရာ
ဖြစ်သော၊ သမာဓိ၊ တည်ကြည်ခြင်းသမာဓိ၊ မိစ္ဆာသမာဓိ၊ မှားသောသမာဓိ
သမ္မာသမာဓိ၊ ကောင်းသောသမာဓိ၊ အယံ၊ ဤသမာဓိအပြားအထူးသည်၊
သမာဓိဿ၊ တည်ကြည်ခြင်း သမာဓိ၏၊ ဝေမတ္တတာ၊ ထူးသောအဖြစ်
တည်းဟူသောဝိသေသသည်၊ ဟောတိ၊ ဖြစ်၏။ ပဋိပဒါတိ၊ ပဋိပဒါဟူ
သည်ကား၊ ဧကတ္တတာ၊ သာမညဟုဆိုအပ်သော တူသည်၏အဖြစ်သည်၊
ဟောတိ၊ ဖြစ်၏၊ တတ္ထဝေမတ္တတာ၊ ထိုစကား၌၊ ပဋိပဒါ၊ အကျင့်ပဋိပဒါသည်၊
ကတမာ၊ အဘယ်နည်း၊ အာဂါဠှပဋိပဒါ၊ ကာမတို့သို့ သက်ဝင်သောအ
ကျင့်၊ နိဇ္ဈာမပဋိပဒါ၊ ကာမကိုဖုတ်ခြောက်ခြင်း၏ အစွန်းအားဖြင့်ဖြစ်သောအ
ကျင့်၊ မဇ္ဈိမာပဋိပဒါ၊ အလယ်ဖြစ်သောအကျင့်၊ အက္ခမာပဋိပဒါ၊ အချမ်းအ
ပူအစရှိသည်တို့ကိုသည်းမခံသောအကျင့်၊ ခမာပဋိပဒါ၊ အချမ်းအပူအစရှိ
သည်တို့ကို သည်းခံသော အကျင့်၊ သမာပဋိပဒါ၊ မိစ္ဆာဝိတက်ကို ငြိမ်း
စေတတ်သောအကျင့်၊ ဒမာပဋိပဒါ၊ အပိုးရခြင်း နှင့်ခြေတို့ကိုဆုံးမတတ်

သော အလျှင်း၊ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ ဆင်းရဲသော အကျင့်ရှိသည်ဖြစ်၍
နှံ့နှေးသော အဘိညာဉ်၊ ဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊ ဆင်းရဲသော အကျင့်ရှိ
သည်ဖြစ်၍ လျင်သော အဘိညာဉ်၊ သုခါပဋိပဒါဒန္ဓာဘိညာ၊ လွယ်သော အ
ကျင့်ရှိ သည်ဖြစ်၍ နှံ့နှေးသော အဘိညာဉ်၊ သုခါပဋိပဒါခိပ္ပါဘိညာ၊ လွယ်
သော အကျင့်ရှိ သည်ဖြစ်၍ လျင်သော အဘိညာဉ်၊ ဇွတိအယံ၊ ဤသည်လျှင်၊
ပဋိပဒါယ၊ အကျင့်၏၊ ဝေမတ္တတာ၊ ထူးသော အဖြစ် တည်းဟူသော ဝိသေ
သသည်၊ ဟောတိ၊ ဖြစ်၏၊ ။ကာယောတိ၊ ကာယော ဟူသည်ကား၊ ဧ
ကတ္တတာ၊ သာမညဟုဆိုအပ်သော တူသည်၏ အဖြစ်သည်၊ ဟောတိ၊ ဖြစ်
၏၊ ဘဝ္ဂဝစနေ၊ ထိုစကား၌၊ ကာယော၊ အပေါင်းကာယသည်၊ ကတမော၊
အဘယ်နည်း၊ နာမကာယောစ၊ ညွတ်ခြင်းအပေါင်း ဟုဆိုအပ်သော နာမ
ကာယ သည်လည်းကောင်း၊ ရူပကာယောစ၊ ဖောက်ပြန်ခြင်းအပေါင်းဟုဆို
အပ်သော ရူပကာယ သည်လည်းကောင်း၊ ကာယော၊ ကာယမည်၏၊ တတ္ထ၊
ထိုနှစ်ပါးတို့တွင်၊ ရူပကာယော၊ ရူပကာယသည်၊ ကတမော၊ အဘယ်နည်း
ကေသာ၊ ဆံတို့လည်းကောင်း၊ လောမာ၊ အမွေးတို့လည်းကောင်း၊ နခါ၊ ခြေ
သည်းလက်သည်းတို့လည်းကောင်း၊ ဒန္တာ၊ သွားတို့လည်းကောင်း၊ တစော
အရေထူ အရေ ါးလည်းကောင်း၊ မံသံ၊ အသားလည်းကောင်း၊ နှာရူ၊ အ
ကြောလည်းကောင်း၊ အဋ္ဌိ၊ အရိုးလည်းကောင်း၊ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ
လည်းကောင်း၊ ဝက္ကံ၊ အညို့လည်းကောင်း၊ ဟဒယံ၊ နှလုံးလည်းကောင်း၊
ယကနံ၊ အသည်း လည်းကောင်း၊ ကိလောမကံ၊ အမြှေး လည်းကောင်း၊
ပိဟကံ၊ အဖျဉ်းလည်းကောင်း၊ ပပ္ဖာသံ၊ အဆုတ်လည်းကောင်း၊ အန္တံ၊ အူမ
လည်းကောင်း၊ အန္တဂုဏံ၊ အူသိမ်လည်းကောင်း၊ ဥဒရိယံ၊ အစာသစ်လည်း
ကောင်း၊ ကရီသံ၊ ကျင်ကြီးလည်းကောင်း၊ ပိတ္တံ၊ သည်းခြေလည်းကောင်း၊
သေမှံ၊ သလိပ်လည်းကောင်း၊ ပုဗ္ဗော၊ ပြည်လည်းကောင်း၊ လောဟိတံ၊ သွေး
လည်းကောင်း၊ သေဒေါ၊ ချွေးလည်းကောင်း၊ မေဒေါ၊ အဆီခဲလည်းကောင်း၊
အဿု၊ မျက်ရည် လည်းကောင်း၊ ဝသာ၊ ဆီကြည် လည်းကောင်း၊ ခေ
ဠော၊ တံတွေးလည်းကောင်း၊ သိင်္ဃာဏိကာ၊ နှပ်လည်းကောင်း၊ လသိကာ၊
အစေးလည်းကောင်း၊ ရုတ္တံ၊ ကျင်ငယ်လည်းကောင်း၊ မတ္ထလုင်္ဂံ၊ ဦးနှောက်
လည်းကောင်း၊ ဇွတိအယံ၊ ဤသည်လျှင်၊ ရူပကာယော၊ ဖောက်ပြန်ခြင်းအ
ပေါင်းဟုဆိုအပ်သော ရူပကာယတည်း၊ နာမကာယောနာမ၊ ညွတ်ခြင်း
အပေါင်းဟုဆိုအပ်သော နာမကာယမည်သည်ကား၊ ဝေဒနာ၊ ခံစားခြင်းဝေ
ဒနာလည်းကောင်း၊ သညာ၊ အမှတ်ပြု၍သိခြင်းသညာလည်းကောင်း၊ စေတ

နာ၊ စေ့ဆော်ခြင်းစေတနာလည်းကောင်း။ စိတ္တံ၊ သိခြင်းစိတ်လည်းကောင်း၊ ဖဿော၊ တွေ့ထိခြင်းဖဿလည်းကောင်း၊ မနသိကာရော၊ နှလုံးသွင်းခြင်း မနသိကာရလည်းကောင်း၊ ဣတိအယံ၊ ဤသည်လျှင်၊ နာမကာယောနာမ ကာယမည်၏၊ ဣတိအယံ ဤကာယအပြားအရေးသည်၊ ဝေမတ္တတာ၊ ထူး သောအဖြစ်တည်းဟူသောဝိသေသသည်၊ ဟောတိ၊ ဖြစ်၏၊ ။

ဧဝံ နာမိနာ၀ရူပေန ယေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ယောဓမ္မော၊ အကြောင်းတရားသည်၊ ယေသံဓမ္မာနံ၊ အကြောင်းတရားတို့၏၊ သမာနဘာဝေါ၊ ဒုက္ခစသောအားဖြင့်တူသောအဖြစ်သည်၊ ဟောတိ၊ ဖြစ်၏၊ သောဓမ္မော၊ ထိုတရားသည်၊ တေသံဓမ္မာနံ၊ ထိုတရားတို့၏၊ ဧကတ္တတာယ၊ တူသောအဖြစ်အားဖြင့်၊ ဧကီဘဝတိ၊ တခုမဟုတ်များသော်လည်း တခုတည်းဖြစ်၍ဖြစ်၏၊ ယော ဓမ္မော အကြောင်းတရားသည်၊ ယေသံဓမ္မာနံ၊ အကြောင်းတရားတို့၏၊ ယေန ယေန ဘာဝေန၊ အကြောင်းအကြောင်းသို့သောအဖြစ်ဖြင့်လည်း၊ ဝိလက္ခဏော၊ ထူး သောလက္ခဏာရှိ၏၊ တေနတေနဘာဝေန၊ ထိုထိုသို့သော အဖြစ်ဖြင့်၊ သော ဓမ္မော၊ ထိုတရားသည်၊ တေသံဓမ္မာနံ၊ ထိုတရားတို့၏၊ ဝေမတ္တံ၊ ထူးသောအ ဖြစ်သို့၊ ဂစ္ဆတိ၊ ရောက်၏၊ ဧဝံနာမိနာ၀ရူပေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ သုတ္တဝေါ၊ သုတ်၌သော်လည်းကောင်း၊ ဝေယျာကရဏေဝါ၊ ဝေ ယျာကရဏ်း၌သော် လည်းကောင်း၊ ဂါထာယံဝါ၊ ဂါထာ၌သော် လည်း ကောင်း၊ ပုစ္ဆိတေန၊ မေးအပ်သောသူသည်၊ ဝီမံသယိတဗ္ဗံ၊ စုံးစမ်းအပ်၏၊ ကိံ ဝီမံသယိတဗ္ဗံ၊ အဘယ်သို့စုံးစမ်းအပ်သနည်း၊ ဧကတ္တတာယ၊ တူသော အဖြစ်ဖြင့်၊ ပုစ္ဆတိ၊ မေးသလော၊ ဥဒါဟု၊ ထိုသို့မဟုတ်၊ ဝေမတ္တတာယ၊ ထူး သော အဖြစ်တည်းဟူသော ဝိသေသအဖြစ်ဖြင့်၊ ပုစ္ဆတိ၊ မေးသလော၊ ဣတိ၊ ဤသို့၊ ဝီမံသယိတဗ္ဗံ၊ စုံးစမ်းအပ်၏၊ ယဒိ၊ အကယ်၍၊ ဧကတ္တတာယ၊ တူသောအဖြစ်ဖြင့်၊ ပုစ္ဆတိ၊ ပုစ္ဆာ၏အစွမ်းအားဖြင့်ဆိုအပ်သည်ဖြစ်အံ့၊ ဧကတ္တတာယ၊ တူသောအဖြစ်ဖြင့်၊ ဝိသဇ္ဇယိတဗ္ဗံ၊ ဖြေအပ်၏၊ ယဒိ၊ အ ကယ်၍၊ ဝေမတ္တတာယ၊ ထူးသောအဖြစ်တည်းဟူသောဝိသေသအဖြစ်ဖြင့် ပုစ္ဆိတံ၊ ပုစ္ဆာ၏အစွမ်းဖြင့်ဆိုအပ်သည်ဖြစ်အံ့၊ ဝေမတ္တတာယ၊ ထူးသော အဖြစ်တည်းဟူသောဝိသေသအဖြစ်ဖြင့်၊ ဝိသဇ္ဇယိတဗ္ဗံ၊ ဖြေအပ်၏၊ ယဒိ၊ အကယ်၍၊ သတ္တာဓိဋ္ဌာနေန၊ သတ္တာဓိဋ္ဌာန်ဖြင့်၊ ပုစ္ဆိတံ၊ ပုစ္ဆာ၏အစွမ်းဖြင့် ဆိုအပ်သည်ဖြစ်အံ့၊ သတ္တာဓိဋ္ဌာနေန၊ သတ္တာဓိဋ္ဌာန်ဖြင့်၊ ဝိသဇ္ဇယိတဗ္ဗံ၊ ဖြေအပ်၏၊ ယဒိ၊ အကယ်၍၊ ဓမ္မာဓိဋ္ဌာနေန၊ ဓမ္မာဓိဋ္ဌာန်ဖြင့်၊ ပုစ္ဆိတံ၊ ပုစ္ဆာ၏ အစွမ်းဖြင့် ဆိုအပ်သည်ဖြစ်အံ့၊ ဓမ္မာဓိဋ္ဌာနေန၊ ဓမ္မာဓိဋ္ဌာန်ဖြင့်၊ ဝိသဇ္ဇယိ

တဗ္ဗံ၊ ဖြေအပ်၏၊ ယထာ ယထာ ဝါ ပန၊ အကြင်အကြင်သို့သောအခြင်းအရာဖြင့်မူလည်း၊ ပုစ္ဆိတံ၊ ပုစ္ဆာ၏အစွမ်းဖြင့် ဆိုအပ်သည်ဖြစ်အံ့၊ တထာ တထာ၊ ထိုထိုသို့သောအခြင်းအရာဖြင့်၊ ဝိသဇ္ဇယိတဗ္ဗံ၊ ဖြေအပ်၏။ ။တေန၊ ထိုကြောင့်၊ အာယသ္မာ မဟာကစ္စာနော၊ အရှင်မဟာ ကစ္စည်းမထေရ်သည်၊ ဧကတ္တတာယဓမ္မာတိ၊ ဧကတ္တတာယဓမ္မာဟူ၍၊ အာဟ၊ မိန့်တော်မူ၏၊ ။အဓိဋ္ဌာနော ဟာရော၊ အဓိဋ္ဌာနဟာရကို၊ နိယုတ္တော၊ ပါဠိတော်မှ ထုတ်၍ဆောင်ပြုစေအပ်ပြီ၊ ။

တတ္ထ၊ ထိုဘာဆုံခြောက်ပါးသောဆောင်ခြင်းဟာရတို့တွင်၊ ပရိက္ခာရော ဟာရော၊ ပရိက္ခာရဟာရသည်၊ ကတမော၊ အဘယ်နည်း၊ ယေ ဓမ္မာ၊ အကြင်အဝိဇ္ဇာအစရှိသောပစ္စည်းတရားတို့သည်၊ ယံ ဓမ္မံ၊ အကြင်သင်္ခါရအစရှိသော ပစ္စယုပ္ပန်တရားကို၊ ပစ္စယာ၊ သဟဇာတပစ္စယ သတ္တိဖြင့်လည်းကောင်း၊ ပရံပရတော၊ အဆင့်ဆင့်ပစ္စယသတ္တိဖြင့်လည်းကောင်း၊ ဇနယန္တိ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏၊ ဇာတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်၊ ဝုတ္တော ဆိုအပ်သော၊ ဟာရော၊ ဟာရသည်၊ ပရိက္ခာရော ဟာရော၊ ပရိက္ခာရဟာရ မည်၏၊ ယေ ဓမ္မာ၊ အကြင်အဝိဇ္ဇာ အစရှိသောအကြောင်းတရားသည်၊ ယံ ဓမ္မံ၊ အကြင်သင်္ခါရအစရှိသောအကျိုးတရားကို၊ ဇနယန္တိ၊ ဖြစ်စေတတ်ကုန်၏၊ တေသံ၊ ထိုအကျိုးတရား၏သော၊ ထိုအကြောင်းတရားသည်၊ ပရိက္ခာရော၊ ပရိက္ခာရမည်၏၊ ပရိက္ခာရော၊ ပရိက္ခာရသည်၊ ကိံ လက္ခဏော၊ အဘယ်လက္ခဏာရှိသနည်း၊ ပရိက္ခာရော၊ ပရိက္ခာရသည်၊ ဇနကလက္ခဏော၊ အကျိုးကိုဖြစ်စေခြင်းလက္ခဏာရှိ၏၊ ဟေတု စ၊ ဟေတု အကြောင်းလည်း ကောင်း၊ ပစ္စယော စ၊ ပစ္စယအကြောင်းလည်းကောင်း၊ ဣတိ၊ ဤသို့၊ ဒွေ ဓမ္မာ၊ နှစ်ပါးကုန်သော အကြောင်းတရားတို့သည်၊ ဇနယန္တိ၊ အကျိုးကိုဖြစ်စေ တတ်ကုန်၏၊ တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ ကိံ လက္ခဏော၊ အဘယ်လက္ခဏာ ရှိသောအကြောင်းသည်၊ ဟေတု၊ ဟေတုအကြောင်းမည်သနည်း၊ ကိံ လက္ခ ဏော၊ အဘယ်လက္ခဏာရှိသော အကြောင်းသည်၊ ပစ္စယော၊ ပစ္စယအ ကြောင်းမည်သနည်း၊ အသာဓာရဏလက္ခဏော၊ အကျိုးတပါးနှင့်မဆက် ဆံသောလက္ခဏာရှိသော အကြောင်းသည်၊ ဟေတု၊ ဟေတုအကြောင်း မည်၏၊ သာဓာရဏလက္ခဏော၊ အကျိုးတပါးနှင့်ဆက်ဆံသော လက္ခဏာ ရှိသောအကြောင်းသည်၊ ပစ္စယော၊ ပစ္စယအကြောင်းမည်၏၊ ယထာ ကိံ ဘဝေ၊ အကြင်သို့သောအပြားဖြင့်။ အသာဓာရဏော သာဓာရဏော၊ မဆက်ဆံဆက်ဆံသောအကြောင်းသည်၊ ဘဝေယျ၊ ဖြစ်ရာ၏၊ ကိံပကာရ

ဓာတ်၊ ထိုမဆက်ဆံသော ဆက်ဆံသော အခြားအထူးသည်၊ ကိံ၊အ
ဘယ်သို့၊ ဘဝေ၊ဖြစ်သနည်း၊ ယထာ၊ဥဒါဟရဏအဘယ်နည်း၊ အင်္ကု
ရဿ၊အညွန့်၏၊နိဗ္ဗတ္တိယာ၊ဖြစ်ခြင်း၏၊ဗီဇံ၊မျိုးစေ့ဟူသော အကြောင်း
သည်၊အသာဓာရဏံ၊ အကျိုးတပါးနှင့်မဆက်ဆံသော အကြောင်းသည်၊
ဟောတိ၊ဖြစ်၏၊ပထဝီစ၊ မြေဟူသောအကြောင်းသည်လည်းကောင်း၊အာ
ပေါစ၊ရေဟူသော အကြောင်းသည်လည်းကောင်း၊ သာဓာရဏာ၊အကျိုး
တပါးနှင့်ဆက်ဆံသောအကြောင်းသည်၊ဟောတိ၊ ဖြစ်၏၊ဟိသစ္စံ၊မှန်၏၊
အင်္ကုရဿ၊အညွန့်၏၊ပထဝီစ၊မြေဟူသောအကြောင်းသည်လည်းကောင်း
အာပေါစ၊ရေဟူသောအကြောင်းသည်လည်းကောင်း၊ ပစ္စယော၊ပစ္စယအ
ကြောင်းတည်း၊သဘာဝေါ၊ တူသောအဖြစ်ဟုဆိုအပ်သောဗီဇသည်၊ဟေ
တု၊ဟေတုအကြောင်းတည်း၊ဝါ၊ပန၊တနည်းကား၊ ဃဋေ၊အိုးနှံ၌၊ ပက္ခိတ္တံ၊
ထည့်အပ်သော၊ဒုဒ္ဓံ၊နို့သစ်သည်သာလျှင်၊ဒဓိ၊ နို့ဓမ်းသည်၊ ဘဝတိ၊ဖြစ်
၏၊ဒုဒ္ဓဿစ၊နို့သစ်၏လည်းကောင်း၊ ဒဓိဿစ၊နို့ဓမ်း၏ လည်းကောင်း၊
ဧကကာလသမောဓာနံ၊ တကာလတည်းအတူတကွ တည်ခြင်းသည်၊နစ
အတ္ထိယထာ၊မရှိသကဲ့သို့၊ ဧဝမေဝ၊ဤအတူသာလျှင်၊ ဟေတုဿစ၊ဟေ
တုအကြောင်း၏ လည်းကောင်း၊ ပစ္စယဿစ၊ ပစ္စယအကြောင်း၏ လည်း
ကောင်း၊ဧကကာလသမောဓာနံ၊ တကာလတည်း အတူတကွ တည်ခြင်း
သည်၊နတ္ထိ၊မရှိ၊ ။

ဟိသစ္စံ၊မှန်၏၊အယံသံသာရော၊ ဤသံသရာသည်၊ သဟေတု၊ဟေတု
အကြောင်းရှိသည်ဖြစ်၍၊ သပ္ပစ္စယော၊ ပစ္စယအကြောင်းရှိသည်ဖြစ်၍၊ နိဗ္ဗ
တ္တော၊ဖြစ်၏၊ဟိသစ္စံ၊မှန်၏၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်း
ကြောင့်၊သင်္ခါရာ၊ပြုပြင်ခြင်းသင်္ခါရတို့သည်၊သမ္ဘဝန္တိ၊ ဖြစ်ကုန်၏၊သင်္ခါ
ရပစ္စယာ၊ပြုပြင်ခြင်းသင်္ခါရဟူသောအကြောင်းကြောင့်၊ဝိညာဏံ၊သိခြင်း
ဝိညာဉ်သည်၊သမ္ဘဝတိ၊ဖြစ်၏၊ဣတိ၊ ဤသို့၊ဝုတ္တံ၊ ဟောတော်မူအပ်၏၊ဧဝံ
ဣမိနာနယေန၊ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊သဗ္ဗော၊အလုံးစုံသော၊ပဋိစ္စ
သမုပ္ပါဒေါ၊အကြောင်းတရားတို့၏ ဖြစ်ခြင်းကိုစွဲ၍အကျိုးတရားတို့၏ဖြစ်
ခြင်းကို၊ဝေဒိတဗ္ဗော၊ သိအပ်၏၊ ဣတိဧဝံဝုတ္တေ၊ ဤသို့ဟောတော်မူအပ်
သောပဋိစ္စသမုပ္ပါဒ်၌၊အဝိဇ္ဇာ၊မသိခြင်းအဝိဇ္ဇာသည်၊အဝိဇ္ဇာယ၊မသိခြင်းအ
ဝိဇ္ဇာ၏၊ဟေတု၊ဟေတုအကြောင်းတည်း၊ အယောနိသောမနသိကာရော၊
မသင့်မတင့် နှလုံးသွင်းခြင်းသည်၊ ပစ္စယော၊ပစ္စယအကြောင်းတည်း၊ပုရိ
မိကာ၊ ရှေး၌ဖြစ်သော၊ အဝိဇ္ဇာ၊ မသိခြင်း အဝိဇ္ဇာသည်၊ ပစ္ဆိမိကာယ၊

နောက်၌ဖြစ်သော၊ အဝိဇ္ဇာယ၊ မသိခြင်းအဝိဇ္ဇာ၏၊ ဟေတု၊ ဟေတုအကြောင်းတည်း၊ တဿ၊ ထိုရှေ့နောက်ဖြစ်ကုန်သော မသိခြင်းအဝိဇ္ဇာတို့တွင်၊ ပုရိမိကာ၊ ရှေး၌ဖြစ်သော၊ အဝိဇ္ဇာ၊ မသိခြင်းအဝိဇ္ဇာသည်၊ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယမည်၏၊ ပစ္ဆိမိကာ၊ နောက်၌ဖြစ်သော၊ အဝိဇ္ဇာ၊ မသိခြင်းအဝိဇ္ဇာသည်၊ အဝိဇ္ဇာပရိယုဋ္ဌာနံ၊ အဝိဇ္ဇာပရိယုဋ္ဌာန်မည်၏၊ ပုရိမိကော၊ ရှေး၌ဖြစ်သော၊ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယသည်၊ ပစ္ဆိမိကဿ၊ နောက်၌ဖြစ်သော၊ အဝိဇ္ဇာပရိယုဋ္ဌာနဿ၊ အဝိဇ္ဇာပရိယုဋ္ဌာန်၏၊ ပရိဗြူဟနာယ၊ ပွါးစေခြင်း၏၊ ဟေတုဘူတော၊ ဟေတုအကြောင်းဖြစ်၍ဖြစ်၏၊ ကေဝါပိယာ၊ အဘယ်ကဲ့သို့နည်းဟူမူကား၊ ဗီဇင်္ကုရောပိယာ၊ မျိုးစေ့၏အညွှာက်ကဲ့သို့၊ သမနန္တရဟေတုတာယ၊ ကောင်းစွာအခြားမဲ့၌ဟေတုအကြောင်း၏အဖြစ်ဖြင့်၊ ဟေတုဘူတော၊ ဟေတုအကြောင်းဖြစ်၍ဖြစ်၏၊ ယတ္ထ၊ အကြင်မျိုးစေ့ကြောင့်၊ ယံပန ဖလံ၊ အကြင်အသီးသည်၊ နိဗ္ဗတ္တတိ၊ ဖြစ်၏၊ ဒုံ၊ ဤမျိုးစေ့သည်၊ အဿ၊ ထိုအသီး၏၊ ပရံပရဟေတုတာယ၊ အဆင့်ဆင့်သောအကြောင်း၏အဖြစ်ဖြင့်၊ ဟေတုဘူတံပိယာ၊ ဟေတုအကြောင်းဖြစ်၍ဖြစ်သကဲ့သို့၊ ပရံပရဟေတုတာယ၊ အဆင့်ဆင့်သောအကြောင်း၏အဖြစ်ဖြင့်၊ ဟေတုဘူတော၊ ဟေတုအကြောင်း ဖြစ်၍ဖြစ်၏၊ ဟိယုတ္တံ၊ သင့်၏၊ သမနန္တရဟေတု၊ ကောင်းစွာအခြားမဲ့၌ ဟေတုအကြောင်းလည်းကောင်း၊ ပရံပရဟေတု၊ အဆင့်ဆင့်ဟေတု အကြောင်း လည်းကောင်း၊ ဒွေတိ၊ ဤသို့၊ ဟေတု၊ ဟေတုအကြောင်းသည်၊ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏၊ ဧဝံ၊ ဤအတူ၊ အဝိဇ္ဇာယပိ၊ မသိခြင်းအဝိဇ္ဇာ၏လည်း၊ သမနန္တရဟေတုစ၊ ကောင်းစွာအခြားမဲ့၌ ဟေတုအကြောင်းလည်းကောင်း၊ ပရံပရဟေတုစ၊ အဆင့်ဆင့်ဟေတုအကြောင်းလည်းကောင်း၊ ဒွေတိ၊ ဤသို့၊ ဟေတု၊ ဟေတုအကြောင်းသည်၊ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏၊ ဝါပန၊ ထိုနည်းကား၊ ထာလကဋ္ဌ၊ ဆီမီးခွက်ကိုလည်းကောင်း၊ ဝဋ္ဋိံစ၊ ဆီမီးစာကိုလည်းကောင်း၊ တေလဋ္ဌ၊ ဆီကိုလည်းကောင်း၊ ပဋိစ္စ၊ စွဲ၍၊ ပဒီပဿ၊ ဆီမီး၏၊ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်၊ ထာလကဋ္ဌ၊ ဆီမီးခွက်သည် လည်းကောင်း၊ ဝဋ္ဋိံစ၊ ဆီမီးစာသည်လည်းကောင်း၊ တေလဋ္ဌ၊ ဆီသည်လည်းကောင်း၊ ပဒီပဿ၊ ဆီမီး၏ ပစ္စယဘူတံ၊ ပစ္စယအကြောင်းဖြစ်၍ဖြစ်၏၊ နသဘာဝဟေတု၊ သဘော တူသော အကြောင်းမဟုတ်၊ နှိဒ်ယာလကာဒိယထာ၊ ဤဆီမီးခွက်အစရှိသည်ကဲ့သို့၊ ဧဝံ၊ ဤအတူ၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ဟိယာသ္မာ၊ အကြင်ကြောင့်၊ ပဒီပဿ၊ ဆီမီး၏၊ ပစ္စယဘူတံ၊ အကြောင်းဖြစ်၍

ဖြစ်သော၊တာဿကဉ္စ၊ဆီမီးခွက်ကိုရင်း၊ဝဋ္ဋိံ၊ဆီမီးစာကိုရင်း၊တေဇဉ္စ၊ဆီကိုသည်းကောင်း၊အနုပ္ပက်ံ၊မီးမရှိမူ၊ဒီပေတုံ၊တောက်စိမ့်သော၌၊နသက္ကာ မတတ်ကောင်း၊တသ္မာ၊ထိုကြောင့်၊နသဘာဝဟေတု၊သဘောတူသောအကြောင်းမဟုတ်၊ပဒီပေါ ဝိယ၊အကြောင်းဆီမီးကဲ့သို့၊ သဘာဝေါ၊တူသောအကြောင်းသည်၊ဟေတု၊ဟေတုအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ဇွတ်အာဒိသု၊ဤသို့စသည်တို့၌၊ သဘာဝေါ၊ ဆီမီးနှင့်တူသောသဘောရှိသောအကြောင်းသည်၊ဟေတု၊ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ပရဘာဝေါ၊ မီးမှတပါးသောဆီမီးခွက်စသောမတူသောအဖြစ်သည်၊ပစ္စယော၊ပစ္စယအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊အဇ္ဈတ္တိကော၊ မိမိသန္တာန်၌ဖြစ်သောအကြောင်းသည်၊ဟေတု၊ ဟေတုအကြောင်းတည်း၊ ဗာဟိရော၊ အပ၌ဖြစ်သောအကြောင်းသည်၊ ပစ္စယော ၊ပစ္စယအကြောင်းတည်း၊ ဇနကော၊ ဖြစ်စေတတ်သော အကြောင်းသည်၊ဟေတု၊ ဟေတုအကြောင်းတည်း၊ ပရိဂ္ဂါဟကော၊ အထောက်အပံ့ဖြစ်သော အကြောင်းသည်၊ ပစ္စယော၊ပစ္စယအကြောင်းတည်း၊ အသာဓာရဏော၊ မဆက်ဆံအသီးသောအကြောင်းသည်၊ဟေတု၊ဟေတုအကြောင်းတည်း၊သာဓာရဏော၊ဆက်ဆံသောအကြောင်းသည်၊ပစ္စယော၊ ပစ္စယအကြောင်းတည်း။ အဝုပစ္ဆေဒဋ္ဌော၊ မပြတ်သောအကြောင်းဟူသော အနက်သည်၊ သန္တတိအဋ္ဌော၊ အကြောင်းအကျိုး၏အဖြစ်ဖြင့်အစဉ်ဖြစ်သောအနက်သည်၊ ဟောတိ၊ဖြစ်၏၊နိဗ္ဗတ္တိအဋ္ဌော၊ အကြောင်းကြောင့်ပြီးသော အနက်သည်၊ ဖလဋ္ဌော၊ ဖလအနက်သည်၊ဟောတိ၊ ဖြစ်၏၊ပဋိသန္ဓိအဋ္ဌော၊ ဘဝနှစ်ပါးကိုတစပ်တည်းကဲ့သို့စပ်ခြင်းအနက်သည်၊ ပုနဗ္ဘဝဋ္ဌော၊ အသစ်ခန္ဓာဖြစ်ခြင်းအနက်သည်၊ဟောတိ၊ဖြစ်၏၊ သမ္ပလိဗောဓဋ္ဌော၊ ကောင်းစွာကျူင့်စိမ့်သော၌မပေးမူ၍ပိတ်ပင်တားမြစ်ခြင်းရှိသော အနက်သည်၊ ပရိယုဋ္ဌာနဋ္ဌော၊ ထင်ဝန်းကျင်မှကုသိုလ်၏အခွင့်ကို လုယက်၍ တည်ခြင်းအနက်သည်၊ ဟောတိ၊ဖြစ်၏၊အသမုဂ္ဃါတဋ္ဌော၊ မဂ်ဖြင့်မသတ်အပ်သေးသောအနက်သည်၊အနုသယဋ္ဌော၊အစဉ်မပြတ်ကိန်းသောအနက်သည်၊ ဟောတိ၊ဖြစ်၏၊အသမ္ပဋိဝေဓဋ္ဌော၊ ကောင်းစွာမထိုးထွင်းခြင်း အနက်သည်၊ အဝိဇ္ဇဋ္ဌော၊မသိခြင်းအဝိဇ္ဇာအနက်သည်၊ဟောတိ၊ ဖြစ်၏၊ အပရိညာတဋ္ဌော၊ ပိုင်းခြား၍မသိအပ်သေးသောအနက်သည်၊ဝိညာဏဋ္ဌဿ၊ သိခြင်းဝိညာဉ်၏၊ဗီဇဋ္ဌော၊မျိုးစေ့ဟူသောအနက်သည်၊ဟောတိ၊ဖြစ်၏၊ ယတ္ထ၊အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊အဝုပစ္ဆေဒေါ၊ မပြတ်ခြင်းသည်၊ ဘဝတိ၊ဖြစ်၏၊

တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ သန္တတိ၊ သန္တတိဝေါဟာရသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ သန္တတိ၊ အစဉ်ဟုဆိုအပ်သောခေါ်ဝေါ်ခြင်းဝေါဟာရသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ နိဗ္ဗတ္တိ၊ အကြောင်းကြောင့်ပြီးခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ နိဗ္ဗတ္တိ၊ အကြောင်းကြောင့်ပြီးခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ ဖြစ်ခြင်း၌၊ ဖလံ၊ အကျိုးသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ဖလံ၊ အကျိုးသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပဋိသန္ဓိ၊ ဘဝနှစ်ပါးကိုတစပ်တည်းကဲ့သို့စပ်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပဋိသန္ဓိ၊ ဘဝနှစ်ပါးကိုတစပ်တည်းကဲ့သို့စပ်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ ဖြစ်ခြင်း၌၊ ပုနဗ္ဘဝေါ၊ အသစ်ခန္ဓာဖြစ်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပုနဗ္ဘဝေါ အသစ်သောခန္ဓာဖြစ်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပလိဗောဓော၊ ပိတ်ပင်တားမြစ်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပလိဗောဓော၊ ပိတ်ပင်တားမြစ်ခြင်းသည် ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပရိယုဋ္ဌာနံ၊ ထကြွသောင်းကျန်းခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ပရိယုဋ္ဌာနံ၊ ထကြွသောင်းကျန်းခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အသမုဂ္ဃာတော၊ မဂ်ဖြင့်မသတ်အပ်သည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အသမုဂ္ဃာတော၊ မဂ်ဖြင့်မသတ်အပ်သည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အနုသယော၊ အစဉ်မပြတ်ကိန်းသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အနုသယော၊ အစဉ်မပြတ်ကိန်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အသမုစ္ဆေဒေါ၊ ကောင်းစွာမထိုးထွင်းခြင်းသည်၊ ဘဝတိ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အသမုစ္ဆေဒေါ၊ ကောင်းစွာမထိုးထွင်းခြင်းသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အပ္ပဟာနံ၊ မပယ်ခြင်းအပ္ပဟာနသည်၊ ဘဝတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ အပ္ပဟာနံ၊ မပယ်ခြင်းအပ္ပဟာနသည်၊ ဘဝတိ၊ ဖြစ်၏၊ တသ္မိံ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ သာသဝံ၊ ယိုစီးခြင်း အာသဝေါနှင့် တကွဖြစ်သော၊ ဝိညာဏံ၊ ဝိညာဉ်သည်၊ အပရိညာတံ၊ မပိုင်းခြားအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ ယသ္မိံ၊ အကြင်နာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ သာသဝံ၊ ယိုစီးခြင်းအာသဝေါနှင့်

တက္ကဖြစ်သော၊ ဝိညာဏံ၊ ဝိညာဉ်သည်၊ အပရိညာတံ၊ မပိုင်းခြားအပ်သည့် ဟောတိ၊ ဖြစ်၏၊ တဏှာ၊ ထိုနာမ်ရုပ်တို့၏ဖြစ်ခြင်း၌၊ ဝိဇဂ္ဂေ၊ မျိုးစေ့အကြောင်းဟူသောအနက်သည်၊ ဘဝတိ၊ ဖြစ်၏၊ သီလက္ခန္ဓော၊ အကျင့်သီလကျေးဇူးဟုဆိုအပ်သော သီလက္ခန်သည်၊ သမာဓိက္ခန္ဓဿ၊ တည်ကြည်ခြင်းကျေးဇူးဟုဆိုအပ်သော သမာဓိက္ခန်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သမာဓိက္ခန္ဓော၊ တည်ကြည်ခြင်းကျေးဇူးဟုဆိုအပ်သော သမာဓိက္ခန်သည်၊ ပညာက္ခန္ဓဿ၊ သိခြင်းကျေးဇူးဟုဆိုအပ်သော ပညာက္ခန်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ပညာက္ခန္ဓော၊ သိခြင်းကျေးဇူးဟုဆိုအပ်သော ပညာက္ခန်သည်၊ ဝိမုတ္တိက္ခန္ဓဿ၊ အရဟတ္တဖိုလ်ကျေးဇူးဟုဆိုအပ်သော ဝိမုတ္တိခန်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဝိမုတ္တိက္ခန္ဓော၊ အရဟတ္တဖိုလ်ကျေးဇူးဟုဆိုအပ်သော ဝိမုတ္တိခန်သည်၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓဿ၊ အရဟတ္တဖိုလ်ဉာဏ်အမြင်ဟုဆိုအပ်သော ကျေးဇူး၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ တိတ္ထညုတာ၊ အကြားအမြင်ရှိသော ကလျာဏမိတ္တကို ဆည်းကပ်သည်ဖြစ်၍ သိသောသူ၏ အဖြစ်သည်၊ ပီတညုတာယ၊ သဒ္ဓါယမမွန်နှင့်စပ်သော ပီတိကို ဖြစ်စေသဖြင့် ဘာဝနာကို ပွါးစေသည်ဖြစ်၍ သိသောသူ၏ အဖြစ်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ပီတိညုတာ၊ သဒ္ဓါယမမွန်နှင့်စပ်သော ပီတိကို ဖြစ်စေသဖြင့် ဘာဝနာကို ပွါးစေသည်ဖြစ်၍ သိသောသူ၏ အဖြစ်သည်၊ မတ္တညုတာယ၊ ကမ္မဋ္ဌာန်း၏ အအတိုင်းအရှည်ကို သိသောသူ၏ အဖြစ်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ မတ္တညုတာ၊ ကမ္မဋ္ဌာန်း၏ အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်သည်၊ အတ္တညုတာယ၊ မိမိ၏ ပဓာနိယအင်္ဂါနှင့်ပြည့်စုံသည်၏ အဖြစ်ကို သိသောသူ၏ အဖြစ်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဝါပန၊ တနည်းကား၊ ယထာ၊ ဥဒါဟရဏ်အဘယ်နည်းဟူမူကား၊ စက္ခုံစ၊ စက္ခုပသာဒကိုသည်းကောင်း၊ ရူပေစ၊ ရူပါရုံတို့ကိုသည်းကောင်း၊ ပဋိစ္စ၊ စွဲ၍၊ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဣတိ၊ အာဒိ၊ ဤသို့အစရှိသည်တည်း၊ တတ္ထဝစနေ၊ ထိုစကား၌၊ စက္ခု၊ စက္ခုပသာဒသည်၊ အဓိပတေယျပစ္စယတာယ၊ မြင်ခြင်းကိစ္စ၌ စက္ခုဝိညာဉ်ကို မိမိအလိုသို့လိုက်စေသည်ဖြစ်၍ အစိုးရသော အဓိပတိပစ္စယ၏ အဖြစ်ဖြင့်၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ရူပါ၊ အဆင်းရူပါရုံတို့သည်၊ အာရမ္မဏပစ္စယတာယ၊ အာရမ္မဏပစ္စယအဖြစ်ဖြင့်၊ ပစ္စယော၊ ပစ္စယအကြောင်းသည်

ဟောတိ၊ဖြစ်၏၊ အာဒေသောကာ၊ အထင်းသည်၊ သန္နိသာယ တာယ၊ မှီရာ
ဥပနိဿယ၏အဖြစ်ဖြင့်၊ပစ္စယော၊ပစ္စယအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊
မနသိကာရော၊ ကိရိယာမနောဓာတ်သည်၊ သဘာဂေါ၊ စက္ခုဝိညာဉ်နှင့်
ဝိညာဉ်၏အဖြစ်ဖြင့်ဓာတ်တူသောအဖြစ်ကြောင့်သဘောတူသော၊ဟေတု
ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သင်္ခါရာ၊ ပုညာဘိသင်္ခါရအစရှိ
သည်တို့သည်၊ ဝိညာဏဿ၊ ပဋိသန္ဓေဝိညာဉ်၏၊ ပစ္စယော၊ ပစ္စယအ
ကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ သဘာဂေါ၊ မိမိအတိသင်္ချာတသဘော
သည်၊ဟေတု၊ဟေတုအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ ဝိညာဏံ၊သိခြင်း
ဝိညာဉ်သည်၊ နာမရူပဿ၊နာမ်ရုပ်၏၊ ပစ္စယော၊ ပစ္စယအကြောင်းသည်၊
ဟောတိ၊ဖြစ်၏၊သဘာဂေါ၊တူသောအဖြစ်သည်၊ဟေတု၊ဟေတုအကြောင်း
သည်၊ဟောတိ၊ဖြစ်၏၊ နာမရူပံ၊ညွတ်ခြင်း ဖောက်ပြန်ခြင်းနာမ်ရုပ်သည်၊သ
ဠာယတနဿ၊ ခြောက်ပါးသောအာယတန၏၊ ပစ္စယော၊ပစ္စယအကြောင်း
သည်၊ဟောတိ၊ဖြစ်၏၊ သဘာဂေါ၊တူသော အဖြစ်သည်၊ ဟေတု၊ ဟေတု
အကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဠာယတနံ၊ ခြောက်ပါးသောအာယတ
နသည်၊ဖဿဿ၊ တွေ့ထိခြင်းဖဿ၏၊ပစ္စယော၊ ပစ္စယအကြောင်းသည်၊
ဟောတိ၊ဖြစ်၏၊ သဘာဂေါ၊ တူသောအဖြစ်သည်၊ ဟေတု၊ ဟေတုအ
ကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ဖဿော၊ တွေ့ထိခြင်းဖဿသည်၊ ဝေဒနာ
ယ၊ခံစားခြင်းဝေဒနာ၏၊ပစ္စယော၊ပစ္စယအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊
သဘာဂေါ၊တူသောအဖြစ်သည်၊ ဟေတု၊ ဟေတုအကြောင်းသည်၊ဟော
တိ၊ဖြစ်၏၊ဝေဒနာ၊ခံစားခြင်းဝေဒနာသည်၊တဏှာယ၊တပ်ခြင်းတဏှာ၏၊
ပစ္စယော၊ပစ္စယအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ သဘာဂေါ၊ တူသော
အဖြစ်သည်၊ဟေတု၊ ဟေတုအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ တဏှာ၊
တပ်ခြင်းတဏှာသည်၊ဥပါဒါနဿ၊ စွဲလမ်းခြင်းဥပါဒါန်၏၊ ပစ္စယော၊ပစ္စ
ယအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ သဘာဂေါ၊ တူသောအဖြစ်သည်၊
ဟေတု၊ဟေတုအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဥပါဒါနံ၊စွဲလမ်းခြင်း
ဥပါဒါန်သည်၊ ဘဝဿ၊ ဖြစ်ရာ အကြောင်းဘဝ၏၊ ပစ္စယော၊ ပစ္စယအ
ကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဂေါ၊တူသောအဖြစ်သည်၊ ဟေတု၊
ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ဘဝေါ၊ ဖြစ်ကြောင်းဘဝသည်၊
ဇာတိယာ၊ပဋိသန္ဓေနေခြင်း၏၊ပစ္စယော၊ပစ္စယအကြောင်းသည်၊ ဟောတိ၊
ဖြစ်၏၊သဘာဂေါ၊တူသောအဖြစ်သည်၊ဟေတု၊ဟေတုအကြောင်းသည်၊
ဟောတိ၊ ဖြစ်၏၊ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်၊ ဇရာမရဏဿ၊အိုခြင်း

သေခြင်း၏၊ပစ္စယော၊ပစ္စယအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဝေါ၊
တူသောအဖြစ်သည်၊ ဟေတု၊ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ဇ
ရာ၊မရဏံ၊အိုခြင်းသေခြင်းသည်၊ သောကဿ၊စိုးရိမ်ခြင်း၏၊ပစ္စယော၊ပစ္စ
ယအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဝေါ၊တူသောအဖြစ်သည်၊ဟေ
တု၊ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သောကော၊ စိုးရိမ်ခြင်းသည်
ပရိဒေဝဿ၊ ငိုကြွေးခြင်း၏၊ပစ္စယော၊ ပစ္စယအကြောင်းသည်၊ဟောတိ၊
ဖြစ်၏၊သဘာဝေါ၊တူသောအဖြစ်သည်၊ဟေတု၊ဟေတုအကြောင်းသည်၊
ဟောတိ၊ဖြစ်၏၊ ပရိဒေဝေါ၊ငိုကြွေးခြင်းသည်၊ ဒုက္ခဿ၊ ဆင်းရဲခြင်း၏
ပစ္စယော၊ပစ္စယအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဝေါ၊ တူသောအ
ဖြစ်သည်၊ဟေတု၊ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ဒုက္ခံ၊ ဆင်းရဲ
ခြင်းသည်၊ ဒေါမနဿဿ၊ နှလုံးမသာယာခြင်း၏၊ ပစ္စယော၊ ပစ္စယအ
ကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဝေါ၊တူသောအဖြစ်သည်၊ ဟေတု၊
ဟေတုအကြောင်းသည်၊ဟောတိ၊ဖြစ်၏၊ဒေါမနဿံ၊ နှလုံးမသာယာခြင်း
သည်၊ဥပါယာသဿ၊သက်ကြီးရှိုက်တငင်ပင်ပန်းခြင်း၏၊ပစ္စယော၊ပစ္စယ
အကြောင်းသည်၊ဟောတိ၊ဖြစ်၏၊သဘာဝေါ၊တူသောအဖြစ်သည်၊ဟေတု
ဟေတုအကြောင်းသည်၊ ဟောတိ၊ဖြစ်၏၊ ဧဝံ၊ဤသို့၊ ဝုတ္တပ္ပဘေဒေ၊ဆို
အပ်ပြီးသောအပြားရှိသော၊ယောကောစိ၊အမှတ်မရှိသော၊ဥပနိဿယော၊
ဖနကလစသောအကြောင်းသည်၊အတ္ထိ၊ရှိ၏၊သောသဗ္ဗော၊ ထိုအလုံးစုံသည်
အဓိဋ္ဌာနော၊မိမိ၏ဖလဿ၊အကျိုးကို၊ပရိက္ခာရဂတော၊ပစ္စက္ခပရိပရအား
ဖြင့်ပြုပြင်တတ်သောကြောင့်၊ ပရိက္ခာရော၊ ပရိက္ခာရမည်၏၊ ၊တေန၊ထို
ကြောင့်၊အာယသ္မာ၊မဟာကစ္စာနော၊အရှင်မဟာကစ္စည်းမထေရ်သည်၊ယေ
ဓမ္မာ၊အကြင်အဝိဇ္ဇါအစရှိသောပစ္စည်းတရားတို့သည်၊ယံဓမ္မံ၊အကြင်သင်္ခါ
ရအစရှိသောပစ္စယုပ္ပန်တရားကို၊ပစ္စယါ၊သဟဇာတပစ္စယသတ္တိဖြင့်လည်း
ကောင်း၊ပရံပရတော၊အဆင့်ဆင့်ပစ္စယသတ္တိဖြင့်လည်းကောင်း၊ ဇနယန္တိ
နိဗ္ဗတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏၊ ဣတိ၊ဤသို့၊ အာဟ၊မိန့်တော်မူ၏၊ ၊
ပရိက္ခာရောဟာရော၊ ပရိက္ခာရဟာရကို၊ နိယုတ္တော၊ ပါဠိတော်မှထုတ်၍
ယှဉ်စေအပ်ပြီ၊ ၊

---

၁၈-သမာရောပနဟာရဝိဘင်၊

တတ္ထ၊ ထိုတဆဲ့ခြောက်ပါးသောဟာရတို့တွင်၊ သမာရောပနေဟာ
ရော၊သမာရောပနဟာရသည်၊ကတမော၊အဘယ်နည်း၊ယေဓမ္မာ၊အကြင်

အကျင့်သီလအစရှိကုန်သောတရားတို့သည်၊ ယံမူလာ၊ အကြင်မူလသမာဓိ အစရှိကုန်သောတရားတို့၏အကြောင်းရင်းဖြစ်ကုန်၏၊ တေ ဓမ္မေ၊ ထိုအကျင့်သီလအစရှိကုန်သောတရားတို့ကို၊ တေသံ၊ ထိုသမာဓိ အစရှိသည်တို့၏၊ ပဒဋ္ဌာနဘာဝေန၊ နီးစွာသောအကြောင်း၏အစွမ်းဖြင့်၊ သမာရောပယိတဗ္ဗာ၊ ကောင်းစွာထင်အပ်ကုန်၏၊ ကေသူ၊ ဆနာဂါမိဖိုလ်စသောအနက်၏အဖြစ် ဖြစ်တုံးသောအနက်ရှိကုန်သော၊ ယေ စ၊ အကြင်ရာဂအစရှိသော သဒ္ဒါတို့ကိုလည်း၊ မနုံနာ၊ ဖြတ်စွာဆိုအပ်သည်၊ ပကာသိတာ၊ ပြအပ်ကုန်ပြီ၊ ဆုတ်အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်၊ ဝုတ္တော၊ ဆိုအပ်သော၊ ဟာရော၊ ဟာရသည်၊ သမာရောပနေဝဟာရော၊ သမာရောပနဟာရမည်၏၊ ကေသို့၊ တရသော၊ ပဒဋ္ဌာနေ၊ နီးစွာသောအကြောင်းဖြစ်၍ ဖြစ်သောတရားကို၊ သုဒ္ဓေန၊ သုက်ဖြင့်၊ ဝေဟိဇတေ၊ ယူအပ်ပြီးသည်ရှိသော်၊ ယတ္ထကာနိ၊ အကြင်မျှလောက်ကုန်သော၊ အညေသံ၊ တပါးတို့၏၊ ပဒဋ္ဌာနနိ၊ နီးစွာသော အကြောင်းဖြစ်၍ဖြစ်ကုန်သောတရားတို့သည်၊ တသ္မိံ ဓမ္မေ၊ ထိုတရသောတရား၌၊ ဩတရန္တိ၊ ရနေးကုန်၏၊ တာနိသဗ္ဗာနိ၊ ထိုအလုံးစုံကုန်သောတရားတို့ကို၊ သမာရောပယိတဗ္ဗာနိ၊ ကောင်းစွာထုတ်သော အားဖြင့်ဒေသနာသို့တင်အပ်ကုန်၏၊ အာဝဋ္ဋေ ဟာရေ၊ အာဝဋ္ဋဟာရ၌၊ အနေကေသံ၊ များစွာကုန်သော၊ ပဒဋ္ဌာနနံ၊ နီးစွာသောအကြောင်းတို့ကို၊ ပရိယေသနာ၊ ရှာခြင်းကို၊ ဝုတ္တာ ယထာ၊ ဟောအပ်သကဲ့သို့ဧဝံ၊ ဤအတူ၊ ဆုမာဒိ၊ ဤဟာရ၌လည်း၊ ဗဟုကာနိ၊ များစွာကုန်သော၊ ပဒဋ္ဌာနာနိ၊ နီးစွာသောအကြောင်းတို့သည်၊ ဩတရန္တိ၊ ရနေးကုန်၏၊ တာနိ သဗ္ဗာနိ၊ ထိုအလုံးစုံသောပဒဋ္ဌာန်တို့ကို၊ သမာရောပယိတဗ္ဗာနိ ကောင်းစွာတုတ်သောအားဖြင့်ဒေသနာသို့ တင်အပ်ကုန်၏၊ ဆုတ်၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ တတ္ထ၊ ထိုသမာရောပနဟာရ၌၊ ပဒဋ္ဌာန်၊ နီးစွာသော အကြောင်းလည်းကောင်း၊ ဝေဝစနံ၊ ပရိယာယ်လည်းကောင်း၊ ဘာဝနာ၊ ပွါးများခြင်းလည်းကောင်း၊ ပဟာနံ၊ ပယ်ခြင်းလည်းကောင်း၊ ဆုတ်၊ ဤသို့၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်းတို့သည်၊ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်၏၊ တတ္ထ၊ ထိုလေးပါးတို့တွင်၊ ပဒဋ္ဌာနေန၊ နီးစွာသောအကြောင်းဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်းသမာရောပနာသည်၊ ကတမာ၊ အဘယ်နည်း၊ သဗ္ဗပါပဿ၊ အလုံးစုံသောမကောင်းမှုကို၊ အကရဏံ၊ မပြုမလုပ်ခြင်းသည်၊ သာဓု၊ ကောင်း၏၊ ကုသလဿ၊ အပြစ်မရှိသောကုသိုလ်ကို ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းသည်၊ သာဓု၊ ကောင်း၏၊ သစိတ္တပရိယောဒပနံ၊ မိမိ၏စိတ်ကိုဖြူစင်စေခြင်းသည်၊ သာဓု၊ ကောင်း၏၊ ဧတံ၊ ဤအလုံးအမ

တော်သည်၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ သာသနံ၊ အဆုံးအမတော်တည်း၊ ဣတိ၊ ဤသို့၊ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ၊တဿ၊ ထိုအဆုံးအမဖြစ်သော သာသနာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းသည်၊ ကိံ၊ အဘယ်နည်း၊ သုစရိတာနိ၊ သုစရိုက်တို့သည်၊ ကာယသုစရိတံ၊ ကိုယ်ဖြင့် ကောင်းစွာကျင့်ခြင်း ထည်းကောင်း၊ ဝစီသုစရိတံ၊ နှုတ်ဖြင့်ကောင်းစွာ ကျင့်ခြင်း ထည်းကောင်း၊ မနောသုစရိတံ၊ စိတ်ဖြင့် ကောင်းစွာ ကျင့်ခြင်းထည်းကောင်း၊ဣတိ၊ဤသို့၊ တီဏိ၊သုံးပါးတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ဣဒံ၊ ဤသုံးပါးအပြား ရှိသော သုစရိုက်သည်၊ သာသနဿ၊ မြတ်စွာဘုရားတို့၏အဆုံး အမဖြစ်သောသာသနာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊တတ္ထ၊ ထိုသုစရိုက်သုံးပါးတို့တွင်၊ ကာယိကံ၊ ကိုယ်ဖြင့်ပြုအပ်သော၊ယံသုစရိတဉ္စ၊အကြင်သုစရိုက်သည်ထည်းကောင်း၊ ဝါစသိကံ၊နှုတ်ဖြင့်ပြုအပ်သော၊ယံသုစရိတဉ္စ၊အကြင်သုစရိုက်သည်ထည်းကောင်း၊အတ္ထိ၊ ရှိ၏၊အယံ၊ ဤသုစရိုက်သည်၊သီလက္ခန္ဓော၊ အကျင့်သီလ ကျေးဖုံးဟုဆိုအပ်သောသီလက္ခန္ဓမည်၏၊မနောသုစရိတေ၊ မနောသုစရိုက်၌၊ ယာအနဘိဇ္ဈာစ၊ အကြင်သူတပါးစည်းစိမ်ကိုရှေးရှုမကြံခြင်းအနဘိဇ္ဈာသည်ထည်းကောင်း၊ယော အဗျာပါဒေါစ၊ အကြင်သူတပါးစည်းစိမ်ကိုမဖျက်ဆီးခြင်း အဗျာပါဒသည်ထည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ အယံ၊ ဤအနဘိဇ္ဈာအဗျာပါဒသည်၊ သမာဓိက္ခန္ဓော၊ တည်ကြည်ခြင်း ကျေးဖုံး ဟုဆိုအပ်သောသမာဓိခန္ဓမည်၏၊ယာသမ္မာဒိဋ္ဌိ၊ အကြင်ကောင်းသောအမြင်သည်၊အတ္ထိ၊ရှိ၏၊အယံ ဤကောင်းသောအမြင်ဟုဆိုအပ်သောသမ္မာဒိဋ္ဌိသည်၊ပညာက္ခန္ဓော၊အပြားအားဖြင့်သိခြင်းကျေးဖုံးဟုဆိုအပ်သော ပညာက္ခန္ဓမည်၏၊ ဣဒံ၊ ဤခန္ဓသုံးပါးတို့၏အပေါင်းသည်၊သာသနဿ၊ မြတ်စွာဘုရားတို့၏ အဆုံးအမဖြစ်သောသာသနာ၏၊ပဒဋ္ဌာနံ၊နီးစွာသောအကြောင်းတည်း၊ တတ္ထ၊ထိုသုံးပါးကုန်သောခန္ဓတို့တွင်၊ သီလက္ခန္ဓောစ၊ အကျင့်သီလကျေးဖုံး ဟုဆိုအပ်သောသီလက္ခန္ဓသည် ထည်းကောင်း၊ သမာဓိက္ခန္ဓောစ၊ တည်ကြည်ခြင်း ကျေးဖုံးဟုဆိုအပ်သောသမာဓိက္ခန္ဓသည်ထည်းကောင်း၊ သမထော၊ငြိမ်းခြင်းသမထမည်၏၊ ပညာက္ခန္ဓော၊ အပြားအားဖြင့်သိခြင်းကျေးဖုံးဟုဆိုအပ်သောပညာက္ခန္ဓသည်၊ဝိပဿနာ၊အထူးသဖြင့်ရှုခြင်းဝိပဿနာမည်၏၊ ဣဒံ၊ ဤသမထဝိပဿနာနှစ်ပါးအပေါင်းသည်၊သာသနဿ၊မြတ်စွာဘုရားတို့၏အဆုံးအမဖြစ်သော သာသနာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊တတ္ထ၊ထိုနှစ်ပါးတို့တွင်၊ သမထဿ၊ ငြိမ်းခြင်း သမထ၏၊ ဖလံ၊

အကျိုးကား၊ ရာဂဝိရာဂါ၊ တပ်ခြင်းကင်းသည်ဖြစ်၍၊ စေတောဝိမုတ္တိ၊ တပ်ခြင်းမှလွတ်သောအနာဂါမိဖိုလ်စိတ်တည်း၊ ဝိပဿနာယ၊ အထူးသဖြင့်ရှုခြင်းဝိပဿနာ၏၊ ဖလံ၊ အကျိုးကား၊ အဝိဇ္ဇာဝိရာဂါ၊ ဖုံးလွှမ်းခြင်းအဝိဇ္ဇာမှကင်းသည်ဖြစ်၍၊ ပညာဝိမုတ္တိ၊ အပြားအားဖြင့်သိခြင်းပညာသည်သာလျှင်ညစ်ညူးခြင်းကိလေသာတို့မှလွတ်သော အရဟတ္တဖိုလ်တည်း၊ ဣဒံ၊ ဤအနာဂါမိဖိုလ်အရဟတ္တဖိုလ်နှစ်ပါးတို့၏ အပေါင်းသည်၊ သာသနသာ၊ မြတ်စွာဘုရား၏အဆုံးအမဖြစ်သောသာသနာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊ ဝနံ၊ ကာမဂုဏ်ငါးပါးသည်၊ ဝနထဿ၊ တပ်ခြင်းတဏှာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊ ဝနံ၊ ဝနသည်၊ ကိံ၊ အဘယ်နည်း၊ ဝနထော၊ ဝနထသည်၊ ကောစ၊ အဘယ်နည်း၊ ဝနံနာမ၊ ဝနမည်သည်ကား၊ ပဉ္စကာမဂုဏာ၊ ကာမဂုဏ်ငါးပါးတို့တည်း၊ တဏှာ၊ တပ်ခြင်းတဏှာသည်၊ ဝနထော၊ ဝနထမည်၏၊ ဣဒံ၊ ဤကာမဂုဏ်ငါးပါးသည်၊ ဝနထဿ၊ တပ်ခြင်းတဏှာ၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊ ဣတ္ထီတိဝါ၊ မိန်းမဟူ၍အည်းကောင်း၊ ပုရိသောတိဝါ၊ ယောကျ်ားဟူ၍လည်းကောင်း၊ နိမိတ္တဂ္ဂါဟော၊ နိမိတ်ကိုယူခြင်းသည်၊ ဝနံနာမ၊ ဝနမည်၏၊ စက္ခု၊ မျက်စိသည်၊ အဟော၊ ဖြေဘွယ်တင့်တယ်စွ၊ သောတံ၊ နားသည်၊ အဟော၊ ဖြေဘွယ်တင့်တယ်စွ၊ ဃာနံ၊ နှာခေါင်းသည်၊ အဟော၊ ဖြေဘွယ်တင့်တယ်စွ၊ ဇိဝှါ၊ လျှာသည်၊ အဟော၊ ဖြေဘွယ်တင့်တယ်စွ၊ ကာယော၊ ကိုယ်သည်၊ အဟော၊ ဖြေဘွယ်တင့်တယ်စွ၊ ဣတိ၊ ဤသို့၊ တေသံတေသံ အင်္ဂပစ္စင်္ဂါနံ၊ ထိုထိုသို့သောအင်္ဂါကြီးငယ်တို့၏၊ အနုဗျဉ္ဇနဂ္ဂါဟော၊ ညစ်ညူးခြင်း ကိလေသာကိုဖြစ်စေတတ်သော အနုဗျဉ္ဇနကိုယူခြင်းသည်၊ ဝနထောနာမ၊ ဝနထမည်၏၊ ဣဒံ၊ ဤနိမိတ္တဂ္ဂါဟတည်းဟူသောဝနထသည်၊ ဣမဿ၊ ဤအနုဗျဉ္ဇနဂ္ဂါဟတည်းဟူသောဝနထ၏၊ ပဒဋ္ဌာနံ နီးစွာသောအကြောင်းတည်း၊ အပရိညာတာနိ၊ မပိုင်းခြားအပ်ကုန်သော ဆ၊ ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကဗာဟိရာနိ၊ အဇ္ဈတ္တိကဗာဟိရဖြစ်ကုန်သော၊ အာယတနာနိ၊ တည်ရာအာယတနတို့သည်၊ ဝနံနာမ၊ ဝနမည်၏၊ တဒုဘယံ၊ ထိုအဇ္ဈတ္တိကာယတနဗာဟိရာယတနနှစ်ပါးတို့၏ အပေါင်းကို၊ ပဋိစ္စ၊ စွဲ၍၊ ယံသံယောဇနံ၊ အကြင်နှောင်ဖွဲ့ခြင်းသံယောဇဉ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ အယံ၊ ဤသံယောဇဉ်သည်၊ ဝနထော၊ ဝနထမည်၏၊ ဣဒံ၊ ဤအတွင်းအပဖြစ်သောတည်ရာအာယတနသည်၊ ဣမဿ၊ ဤနှောင်ဖွဲ့ခြင်းသံယောဇဉ်၏၊ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းတည်း၊ အနုသယော၊ အစဉ်မပြတ်ကိန်းခြင်းအနုသယသည်၊ ဝနံနာမ၊ ဝနမည်၏၊ ပရိယုဋ္ဌာနံ၊ ထကြွသောင်း

ကျွန်းခြင်းပရိယုဋ္ဌာန်သည်၊ ဝနထောနာမ၊ ဝနထမည်၏။ ဣဒံ၊ ဤအစဉ်မ ဖြတ်ကိန်းခြင်းအနုသယဟုဆိုအပ်သောဝနသည်၊ ဝနမ ယာ၊ ဤထကြွသောင်း ကျွန်းခြင်းပရိယုဋ္ဌာန် ဟုဆိုအပ်သော ဝနထ၏၊ ပဒဋ္ဌာန်၊ နီးစွာသောအ ကြောင်းတည်း၊ တေန၊ ထိုကြောင့်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဆေတွာ ဝနဉ္စဝနထဉ္စာတိ၊ ဆေတွာဝနဉ္စဝနထဉ္စဟူ၍၊ အာဟ၊ ဟောတော်မူ၏။ ၊ အယံ၊ ဤကောင်းစွာတင်ခြင်းသမာရောပနသည်၊ ပဒဋ္ဌာနေန၊ နီးစွာသောအ ကြောင်းဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်းတည်း။ ၊

တတ္ထ၊ ထိုလေးပါးကုန်သောကောင်းစွာတင်ခြင်းသမာရောပနတို့တွင်၊ ဝေဝစနေန၊ ပရိယာယ်စကားတွယ်စကားသွယ်ဖြင့်၊ သမာရောပန၊ ကောင်းစွာတင်ခြင်းသမာရောပနသည်၊ ကတမာ၊ အဘယ်နည်း၊ ရာဂဝိရာဂါစေတောဝိမုတ္တိ၊ တပ်ခြင်းကင်းသည်ဖြစ်၍တပ်ခြင်းမှ လွတ်ခြင်းအနက်ရှိသောရာဂဝိရာဂါစေတောဝိမုတ္တိသန္နါသည် လည်းကောင်း၊ သေက္ခဖလံ၊ ကျင့်ဆဲဖိုလ်ပုဂ္ဂိုလ်ကိုဟောသော၊ သေက္ခဖလသန္နါသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ ဣဒံ၊ ဤနှစ်ပါးအပေါင်းသည်၊ ဝေဝစနံ၊ ပရိယာယ်စကားတွယ်စကားသွယ်တည်း၊ အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ၊ ဖုံးလွှမ်းခြင်းကင်းသည်ဖြစ်၍ သိခြင်းပညာသည်သာလျှင်ညစ်ညူးခြင်းမှ လွတ်ခြင်းအနက်ရှိသော အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ သန္နါသည် လည်းကောင်း၊ အသေက္ခဖလံ၊ ကျင့်ပြီးဖိုလ်ပုဂ္ဂိုလ်ကိုဟောသောအသေက္ခဖလသန္နါသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ ဣဒံ၊ ဤနှစ်ပါးအပေါင်းသည်၊ ဝေဝစနံ၊ ပရိယာယ်စကားတွယ်စကားသွယ်တည်း၊ ရာဂဝိရာဂါစေတောဝိမုတ္တိ၊ တပ်ခြင်းကင်းသည်ဖြစ်၍ တပ်ခြင်းမှ လွတ်ခြင်းအနက်ရှိသော ရာဂဝိရာဂါစေတော ဝိမုတ္တိသန္နါသည် လည်းကောင်း၊ အနာဂါမိဖလံ၊ ဤလူ့ဘုံသို့မလာသောဖိုလ်ပုဂ္ဂိုလ်ကိုဟောသော အနာဂါမိဖလသန္နါသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ ဣဒံ၊ ဤနှစ်ပါးအပေါင်းသည်၊ ဝေဝစနံ၊ ပရိယာယ်စကားတွယ်စကားသွယ်တည်း၊ အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ၊ ဖုံးလွှမ်းခြင်းကင်းသည် ဖြစ်၍သိခြင်းပညာသည်သာလျှင်ညစ်ညူးခြင်းမှလွတ်ခြင်း အနက်ရှိသော အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိသန္နါသည်လည်းကောင်း၊ အဂ္ဂဖလံ၊ မြတ်သောဖိုလ်ပုဂ္ဂိုလ်ကို ဟောသောအဂ္ဂဖလသန္နါသည် လည်းကောင်း၊ အရဟတ္တံ၊ ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ဟူသောအနက်ကိုဟောသောအရဟတ္တသန္နါသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ ဣဒံ၊ ဤသုံးပါးအပေါင်းသည်၊ ဝေဝစနံ၊ ပရိယာယ်စကားတွယ် စကားသွယ်တည်း၊ ရာဂဝိရာဂါစေတောဝိမုတ္တိ၊ တပ်ခြင်းကင်းသည်ဖြစ်၍တပ်

ခြင်းမှလွတ်ခြင်းအနက်ရှိသော ရာဂဝိရာဂါ စေတောဝိမုတ္တိ သဒ္ဒါသည်လည်းကောင်း၊ ကာမဓာတုသမတိက္ကမနံ၊ ကာမဘုံကို လွန်ခြင်းအနက်ကိုဟောသောကာမဓာတုသမတိက္ကမနသဒ္ဒါသည်လည်းကောင်း၊အတ္ထိ၊ရှိ၏၊ ဣဒံ၊ဤနှစ်ပါးအပေါင်းသည်၊ဝေဝစနံ၊ ပရိယာယ်စကားလှယ်စကားသွယ်တည်း၊အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ၊ ဖုံးလွှမ်းခြင်းကင်းသည်ဖြစ်၍ သိခြင်းပညာသည်သာလျှင် ညစ်ညူးခြင်းမှလွတ်ခြင်းအနက်ရှိသော အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ သဒ္ဒါသည်လည်းကောင်း၊ တေဓာတုသမတိက္ကမနံ၊ ဘုံသုံးပါးကိုလွန်ခြင်းအနက်ကိုဟောသော တေဓာတုသမတိက္ကမနသဒ္ဒါသည်လည်းကောင်း၊ အတ္ထိ၊ရှိ၏၊ ဣဒံ၊ ဤနှစ်ပါးအပေါင်းသည်၊ ဝေဝစနံ၊ပရိယာယ်စကားလှယ်စကားသွယ်တည်း၊ ပညိန္ဒြိယံ၊ အပြားအားဖြင့်သိခြင်းဟုဆိုအပ်သော အစိုးရခြင်းအနက်ကို ဟောသော ပညိန္ဒြိယ သဒ္ဒါသည်လည်း၊ ပညာဗလံ၊ အပြားအားဖြင့်သိခြင်း ဗိုလ်ဟုဆိုအပ်သော အနက်ကိုဟောသောပညာဗလသဒ္ဒါသည်လည်းကောင်း၊အဓိပညာသိက္ခာ၊ လွန်စွာအပြားအားဖြင့် သိသည်ဖြစ်၍ ကျင့်ခြင်းအနက်ရှိသော အဓိပညာသိက္ခာ သဒ္ဒါသည်လည်းကောင်း၊ ပညာက္ခန္ဓော၊ အပြားအားဖြင့်သိခြင်း ကျေးဖုံးဟူသောအနက်ကိုဟောသော ပညာက္ခန္ဓသဒ္ဒါသည်လည်းကောင်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊တရားကိုရွေးချယ်၍ ကောင်းစွာသိတတ်သောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါကိုဟောသောဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂသဒ္ဒါသည်လည်းကောင်း ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ၊လျစ်လျူရှုသည်ဖြစ်၍ ကောင်းစွာသိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကိုဟောသော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ သဒ္ဒါသည်လည်းကောင်း၊ ဉာဏံ၊ သိခြင်းကိုဟောသော ဉာဏသဒ္ဒါသည် လည်းကောင်း၊ သမ္မာဒိဋ္ဌိ၊ မဖောက်မပြန်မြင်ခြင်းအနက်ကိုဟောသောသမ္မာဒိဋ္ဌိသဒ္ဒါသည်လည်းကောင်း၊ တီရဏာ၊ဆုံးဖြတ်ခြင်း အနက်ရှိသောတီရဏသဒ္ဒါသည်လည်းကောင်း၊ သန္တီရဏာ၊ ကောင်းစွာ ဆုံးဖြတ်ခြင်းအနက်ရှိသောသန္တီရဏ သဒ္ဒါသည်လည်းကောင်း၊ဟိရီ၊ ရှက်ခြင်းအနက်ရှိသောဟိရီသဒ္ဒါ သည်လည်းကောင်း၊ ဝိပဿနာ၊အထူးသဖြင့် ရှုခြင်းအနက်ရှိသောဝိပဿနာသဒ္ဒါသည်လည်းကောင်း၊ ဓမ္မေဉာဏံ၊ အကြောင်းတရား၌သိခြင်းအနက်ရှိသော ဓမ္မေဉာဏသဒ္ဒါသည်လည်းကောင်း၊ အတ္ထိ၊ရှိ၏၊သဗ္ဗံ၊အလုံးစုံသော၊ဣဒံ၊ ဤသဒ္ဒါအပေါင်းသည်၊ဝေဝစနံ၊ပရိယာယ်စကားလှယ်စကားသွယ်တည်း၊အယံ၊ဤဆိုအပ်ခဲ့ပြီးသောသဒ္ဒါအပေါင်းသည်၊ဝေဝစ

နေနံ၊ ပရိယာယ်စကားဖွယ်စကားသွယ်ဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်းတည်း၊ ။

တတ္ထ၊ ထိုကောင်းစွာတင်ခြင်းသမာရောပနတို့တွင်၊ ဘာဝနာယ၊ ပွါးခြင်းဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်းသည်၊ ကတမာ၊ အဘယ်နည်း ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ယထာဟ၊ ဝစနံ၊ အဘယ်သို့သောစကားကို၊ အာဟ၊ ဟောတော်မူသနည်း၊ ဘိက္ခု၊ ရဟန်း၊ တသ္မာ၊ ထိုကြောင့်၊ ဣဟ၊ ဤသာသနာတော်၌၊ တွံ၊ သင်သည်၊ ကာယေ၊ သုံးဆဲ့နှစ်ပါးသောကာယအစု၌ ကာယာနုပဿီ၊ သုံးဆဲ့နှစ်ပါးသောကာယအစုကိုအဖန်တလဲရှုသည်ဖြစ်၍၊ အာတာပီ၊ ညစ်ညူးခြင်းကိလေသာကို ပူပန်စေတတ်သောလုံ့လရှိသည်ဖြစ်၍၊ သမ္ပဇာနော၊ သိခြင်းပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၊ သတိမာ၊ အောက်မေ့ခြင်းသတိနှင့်ပြည့်စုံသည်ဖြစ်၍၊ လောကေ၊ လောက၌၊ အဘိဇ္ဈာဒေါမနဿံ၊ သူတပါးစည်းစိမ်ကိုရှေးရှုကြံစီခြင်းနှလုံးမသာယာခြင်းကို၊ ဝိနေယျ၊ ပယ်ဖျောက်၍၊ ဝိဟရာဟိ၊ နေလော၊ အာတာပီတိ၊ အာတာပီဟူသည်ကား၊ ဝီရိယိန္ဒြိယံ၊ အားထုတ်ခြင်းဟုဆိုအပ်သော အစိုးရခြင်းဣန္ဒြေတည်း၊ သမ္ပဇာနောတိ၊ သမ္ပဇာနောဟူသည်ကား၊ ပညိန္ဒြိယံ၊ သိခြင်းပညာဟုဆိုအပ်သော အစိုးရခြင်းဣန္ဒြေတည်း၊ သတိမာတိ၊ သတိမာဟူသည်ကား၊ သတိန္ဒြိယံ၊ အောက်မေ့ခြင်းသတိဟုဆိုအပ်သော အစိုးရခြင်းဣန္ဒြေတည်း၊ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿန္တိ၊ ဝိနေယျလောကေအဘိဇ္ဈာဒေါမနဿံဟူသည်ကား၊ သမာဓိန္ဒြိယံ၊ တည်ကြည်ခြင်းသမာဓိဟုဆိုအပ်သောအစိုးရခြင်းဣန္ဒြေတည်း၊ ဧဝံ၊ ဤသို့၊ ကာယေ၊ သုံးဆဲ့နှစ်ပါးသောကာယအစု၌၊ ကာယာနုပဿိနော၊ သုံးဆဲ့နှစ်ပါးသောကာယအစုကိုအဖန်တလဲလဲရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတော၊ နေသောပုဂ္ဂိုလ်အား၊ စတ္တာရော၊ လေးပါးကုန်သော၊ သတိပဋ္ဌာနာ၊ အောက်မေ့ခြင်းသတိ၏တည်ရာသတိပဋ္ဌာန်တို့သည်၊ ဘာဝနာပါရိပူရိံ၊ ပွါးခြင်းဘာဝနာ၏ပြည့်စုံခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်၊ ဂစ္ဆန္တိ၊ ရောက်ကုန်သနည်း၊ စတုန္နံ၊ လေးပါးကုန်သော၊ ဣန္ဒြိယာနံ၊ အစိုးရခြင်းဣန္ဒြေတို့၏၊ ဧကလက္ခဏတ္တာ၊ တူသောမှတ်ကြောင်းလက္ခဏာရှိသည်၏အဖြစ်ကြောင့်၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ စတ္တာရော၊ လေးပါးကုန်သော၊ သတိပဋ္ဌာနေသု၊ အောက်မေ့ခြင်းသတိ၏ တည်ရာသတိပဋ္ဌာန်တို့ကို၊ ဘာဝိယမာနေသု၊ ပွါးစေအပ်ကုန်သည်ရှိသော်၊ စတ္တာရော၊ လေးပါးကုန်သော၊ သမ္မပ္ပဓာနာ၊ ကောင်းစွာအားထုတ်ခြင်းသမ္မပ္ပဓာန်တို့သည်၊ ဘာဝနာပါရိပူ

ရိံ၊ ပွါးခြင်းဘာဝနာ၏ ပြည့်ရ ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ စတူသု၊ လေးပါးကုန်သော၊ သမ္မပ္ပဓာနေသု၊ ကောင်းစွာအားထုတ်ခြင်းသမ္မပ္ပဓာန် တို့ကို၊ ဘာဝိယမာနေသု၊ ပွါးစေအပ်ကုန်သည်ရှိသော်၊ စတ္တာရော၊ လေးပါး ကုန်သော၊ ဣဒ္ဓိပါဒါ၊ တန်ခိုးဣဒ္ဓိပါဒ်တို့သည်၊ ဘာဝနာပါရိပူရိံ၊ ပွါးခြင်းဘာ ဝနာ၏ပြည့်ရ ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ စတူသု၊ လေးပါးကုန်သော၊ ဣဒ္ဓိပါဒေသု၊ တန်ခိုးဣဒ္ဓိပါဒ်တို့ကို၊ ဘာဝိယမာနေသု၊ ပွါးစေအပ်ကုန်သည် ရှိသော်၊ ပဉ္စ၊ ငါးပါးကုန်သော၊ ဣန္ဒြိယာနိ၊ အစိုးရခြင်းဣန္ဒြေတို့သည်၊ ဘာဝ နာပါရိပူရိံ၊ ပွါးခြင်းဘာဝနာ၏ပြည့်ရ ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ ဧ ံ ဤသို့၊ သဗ္ဗေ၊ အလုံးရ ကုန်သော မြတ်သောအရိယမဂ်၏အဖို့ဖြစ်ကုန် သောဗောဓိပက္ခိယတရားတို့သည်၊ ဘာဝနာပါရိပူရိံ၊ ပွါးခြင်းဘာဝနာ၏ ပြည့်ရ ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ ကေနကာရဏေန၊ အဘယ်အ ကြောင်းကြောင့်၊ ဂစ္ဆန္တိ၊ ရောက်ကုန်သနည်း၊ ဟိယသ္မာ၊ အကြင့်ကြောင့်၊ ဗောဓင်္ဂါမာ၊ မြတ်သောအရိယမဂ်သို့ရောက်ကုန်သော၊ ဗောဓိပက္ခိယာ၊ မြတ် သောအရိယမဂ်၏ အဖို့ဖြစ်ကုန်သော၊ သဗ္ဗေ၊ အလုံးရ ကုန်သော၊ ဓမ္မာ၊ တရားတို့သည်၊ နိယျာနိကလက္ခဏေန၊ ဝဋ်မှထွက်မြောက်ခြင်း တည်းဟူ သော သဘောလက္ခဏာဖြင့်၊ ဧကလက္ခဏာ၊ တူသော မှတ်ကြောင်းလက္ခ ဏာရှိကုန်၏၊ ဟသ္မာ၊ ဧကလက္ခဏတ္တာ၊ ထိုသို့တူသော မှတ်ကြောင်းလက္ခ ဏာရှိသည်အဖြစ်ကြောင့်၊ တေဓမ္မာ၊ ထိုတရားတို့သည်၊ ဘာဝနာပါရိပူရိံ၊ ပွါးခြင်းဘာဝနာ၏ပြည့်ရ ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ အယံ၊ ဤသည် ကား၊ ဘာဝနာယ၊ ပွါးခြင်းဘာဝနာဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင် ခြင်းတည်း၊ ၊ တတ္ထ၊ ထိုကောင်းစွာတင်ခြင်း သမာရောပန တို့တွင်၊ ပ ဟာနေန၊ ပယ်သောအားဖြင့်၊ သမာရောပနာ၊ သဘောတူကိုတင်ခြင်းသည်၊ ကတမာ၊ အဘယ်နည်း၊ ကာယေ၊ သုံးဆဲ့နှစ်ပါးသောကာယအရပ်၌၊ ကာ ယာနုပဿီ၊ သုံးဆဲ့နှစ်ပါးသောကာယအရပ်ကို အဖန်တလဲလဲရှုလျက်၊ ဝိဟ ရန္တော၊ နေသောပုဂ္ဂိုလ်သည်၊ အသုဘေ၊ မတင့်တယ်ခြင်း အသုဘ၌၊ သု ဘန္တိ၊ တင့်တယ်၏ဟူ၍ဖြစ်သော၊ ဝိပလ္လာသံ၊ ဖောက်ပြန်ခြင်းကို၊ ပဇဟတိ၊ ပယ်စွန့်၏၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ကဗဠီကာရော၊ အလုပ်အလွေ့ ကိုမပြု အပ်သော်လည်းပြုအပ် သကဲ့သို့သော၊ အာဟာရောစ၊ အဆီအစေးဟုဆို အပ်သောဩဇာရသကိုဆောင်တတ်သောအာဟာရသည်လည်း၊ ပရိညံ၊ ပိုင်းခြားခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏၊ ကာမုပါဒါနေနစ၊ ကာမဂုဏ်ကိုစွဲလမ်း ခြင်းကာမုပါဒါန်ဖြင့်လည်း၊ အနုပါဒါနော၊ မစွဲလမ်းခြင်းသည်၊ ဘဝတိ၊ ဖြစ်

၏၊ ကာမယောဂေန စ၊ အလိုရှိတတ်သည်ဖြစ်၍ ဝဋ်ဆင်းရဲ၌ ယှဉ်တတ်သော ကာမယောဂနှင့်လည်း၊ ဝိသံယုတ္တော၊ မယှဉ်သည်၊ ဘဝတိ၊ ဖြစ်၏၊ အဘိဇ္ဈာကာယဂန္ထေန စ၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်တတ်သည်ဖြစ်၍ရုပ်နာမ်နှစ်ပါးအပေါင်း၌ဖြေနိုင်ခဲသည်ကိုပြုတတ်သော အဘိဇ္ဈာကာယဂန္ထနှင့်လည်း၊ ဝိပ္ပယုတ္တော၊ မယှဉ်၊ ကာမာသဝေန စ၊ အလိုရှိတတ်သည်ဖြစ်၍ယိုစီးခြင်းကာမာသဝဖြင့်လည်း၊ အနာသဝေါ၊ ယိုစီးခြင်းအာသဝေါမရှိသည်၊ ဘဝတိ၊ ဖြစ်၏၊ ကာမောဃေန စ၊ အလိုရှိတတ်သည်ဖြစ်၍ နစ်မွန်းခြင်းကာမောဃကိုလည်း၊ ဥတ္တိဏ္ဏော၊ လွန်မြောက်သည်၊ ဘဝတိ၊ ဖြစ်၏၊ ရာဂသလ္လေန စ၊ တပ်ခြင်းရာဂတည်းဟူသောမြှားဖြင့်လည်း၊ ဝိသလ္လော၊ မြှားမဝင်သည်၊ ဘဝတိ၊ ဖြစ်၏၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ရူပူပိကာ၊ ဖောက်ပြန်ခြင်းရုပ်ဟုဆိုအပ်သော၊ ဝိညာဏဋ္ဌိတိ စ၊ ဝိညာဉ်၏တည်ရာသည်လည်း၊ ပရိညံ၊ ပိုင်းခြားခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ရူပဓာတုယာ၊ ရူပဘုံ၌လည်း၊ ရာဂေါ၊ တပ်ခြင်းရာဂသည်၊ ပဟီနော၊ ပျောက်သည်၊ ဘဝတိ၊ ဖြစ်၏၊ ဆန္ဒာဂတိံ၊ ချစ်သောအားဖြင့်မသွားအပ်သည်သို့ သွားခြင်းသို့၊ နဂစ္ဆတိ၊ မသွား၊ ဝေဒနာသု၊ ခံစားခြင်းဝေဒနာတို့၌၊ ဝေဒနာနုပဿီ၊ ခံစားခြင်းဝေဒနာကို အဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရန္တော၊ နေသောပုဂ္ဂိုလ်သည်၊ ဒုက္ခေ၊ ဆင်းရဲ၌၊ သုခန္တိ၊ ချမ်းသာဟူ၍ဖြစ်သော၊ ဝိပလ္လာသံ၊ ဖောက်ပြန်ခြင်းကို၊ ပဇဟတိ၊ ပယ်စွန့်၏၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ဖဿော၊ တွေ့ထိခြင်းဖဿဟူ၍ ဆိုအပ်သော၊ အာဟာရော စ၊ အစေးဟု ဆိုအပ်သောဩဇာရသကိုဆောင်တတ်သောအာဟာရသည်လည်း၊ ပရိညံ၊ ပိုင်းခြားခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏၊ ဘဝုပါဒါနေန စ၊ ဖြစ်ရာဘုံဘဝကိုစွဲလမ်းခြင်းဥပါဒါန်ဖြင့်၊ အနုပါဒါနော၊ စွဲလမ်းခြင်းဥပါဒါန်မရှိသည်၊ ဘဝတိ၊ ဖြစ်၏၊ ဘဝယောဂေန စ၊ ဖြစ်ရာဘုံဘဝ၌ယှဉ်တတ်သော ဘဝယောဂနှင့်လည်း၊ ဝိသံယုတ္တော၊ မယှဉ်သည်၊ ဘဝတိ၊ ဖြစ်၏၊ ဗျာပါဒကာယဂန္ထေန စ၊ စီးပွားချမ်းသာကိုဖျက်ဆီးတတ်သည်ဖြစ်၍ရုပ်နာမ်နှစ်ပါးအပေါင်း၌ဖြေနိုင်ခဲသည်ကိုပြုတတ်သောဗျာပါဒကာယဂန္ထနှင့်လည်း၊ ဝိပ္ပယုတ္တော၊ မယှဉ်၊ ဘဝါသဝေန စ၊ ဖြစ်ရာဘုံဘဝ၌ယိုစီးခြင်း ဘဝါသဝဖြင့်လည်း၊ အနာသဝေါ၊ ယိုစီးခြင်းအာသဝေါမရှိသည်၊ ဘဝတိ၊ ဖြစ်၏၊ ဘဝေါဃေန၊ ဖြစ်ရာဘုံဘဝ၌နစ်မွန်းခြင်းဘဝေါဃကိုလည်း၊ ဥတ္တိဏ္ဏော၊ လွန်မြောက်သည်၊ ဘဝတိ၊ ဖြစ်၏၊ ဒေါသသလ္လေန စ၊ ဖျက်ဆီးခြင်းဒေါသဟူသောမြှားဖြင့်လည်း၊ ဝိသလ္လော၊ မြှားမဝင်သည်၊ ဘဝတိ၊ ဖြစ်၏၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ ဝေဒနူပိကာ၊ ဝေဒနာဟု ဆိုအပ်

သော၊ဝိညာဏဋ္ဌိတိစ၊ဝိညာဉ်၏တည်ရာသည်လည်း၊ပရိညာ၊ပိုင်းခြားခြင်း
သိခြင်းသို့၊ဂန္တွာ၊ရောက်၍၊ အဿ၊ထိုပုဂ္ဂိုလ်အား၊ဝေဒနာဓာတုယဥ္စ၊ ဝေ
ဒနာ၌လည်း၊ရာဂေါ၊ရာဂသည်၊ပဟီနော၊ပျောက်သည်၊ဟောတိ၊ဖြစ်၏၊ ဒေါ
သာဂတိ၊အချက်ထွက်သောအားဖြင့်မထားအပ်သည်သို့လားခြင်းသို့၊ နုစ
ဂန္တတိ၊မထား၊စိတ္တေ၊စိတ်၌၊စိတ္တာနုပဿီ၊စိတ်ကိုအာဘန်တလဲလဲရှုသည်ဖြစ်
၍၊ဝိဟရန္တော၊နေသောပုဂ္ဂိုလ်သည်၊အနိစ္စေ၊မမြဲသည်၌၊ နိစ္စန္တိ၊မြဲ၏ဟူ၍
ဖြစ်သော၊ ဝိပလ္လာသံ၊ဖောက်ပြန်ခြင်းကို၊ ပဇဟာတိ၊ပယ်စွန့်၏၊အဿ၊ထို
ပုဂ္ဂိုလ်အား၊ ဝိညာဏံ၊ဝိညာဉ်ဟု ဆိုအပ်သော၊ အာဟာရော၊အာဟာရ
သည်လည်း၊ပရိညာ၊ပိုင်းခြား၍သိခြင်းသို့၊ဂန္တွာ၊ရောက်၏၊ ဒိဋ္ဌုပါဒါနေန
စ၊ဒိဋ္ဌုပါဒါန်ဖြင့်လည်း၊ အနုပါဒါနော၊ဥပါဒါန်မရှိသည်၊ ဘဝတိ၊ဖြစ်၏၊ဒိဋ္ဌိ
ယောဂေနစ၊ဒိဋ္ဌိယောဂနှင့်လည်း၊ဝိသံယုတ္တော၊မယှဉ်သည်၊ဘဝတိ၊ဖြစ်၏
သီလဗ္ဗတ ပရာမာသကာယဂန္ထေနစ၊ သီလဗ္ဗတပရာမာသကာယဂန္ထနှင့်
လည်း၊ဝိပ္ပယုတ္တော၊မယှဉ်၊ဒိဋ္ဌာသဝေနစ၊ဒိဋ္ဌာသဝဖြင့်လည်း၊အနာသဝေါ၊
အာသဝေါ မရှိသည်၊ ဘဝတိ၊ ဖြစ်၏၊ ဒိဋ္ဌောဃဥ္စ၊ ဒိဋ္ဌောဃ ကိုလည်း၊
ဥတ္တိဏ္ဏော၊လွန်မြောက်သည်၊ဘဝတိ၊ဖြစ်၏၊ မာနသလ္လေနစ၊မာနဟူသော
မြားဖြင့်လည်း၊ ဝိသလ္လော၊မစူးဝင်သည်၊ဘဝတိ၊ဖြစ်၏၊အဿ၊ထိုပုဂ္ဂိုလ်
အား၊သညူပိကာ၊သညာဟုဆိုအပ်သော၊ ဝိညာဏဋ္ဌိတိစ၊ဝိညာဉ်၏တည်
ရာသည်လည်း၊ ပရိညာ၊ပိုင်းခြား၍သိခြင်းသို့၊ ဂန္တွာ၊ရောက်၏၊ အဿ၊
ထိုပုဂ္ဂိုလ်အား၊ သညာဓာတုယဥ္စ၊ အမှတ်ပြု၍ သိခြင်း သညာ၌လည်း၊
ရာဂေါ၊တပ်ခြင်းရာဂသည်၊ပဟီနော၊ပျောက်သည်၊ဘဝတိ၊ဖြစ်၏၊ဘယာ
ဝတိ၊ကြောက်သောအားဖြင့်မထားအပ်သည်သို့လားခြင်းသို့၊ နုစဂန္တတိ၊
မလား၊ဓမ္မေသု၊တရားတို့၌၊ ဓမ္မာနုပဿီ၊တရားကို အာဘန်တလဲလဲရှုသည်
ဖြစ်၍၊ ဝိဟရန္တော၊နေသော ပုဂ္ဂိုလ်သည်၊ အနတ္တနိ၊ကိုယ်မဟုတ်သည်၌၊
အတ္တာတိ၊ကိုယ်ဟူ၍ဖြစ်သော၊ ဝိပလ္လာသံ၊ဖောက်ပြန်ခြင်းကို၊ ပဇဟာတိ၊
ပယ်စွန့်၏၊ အဿ၊ထိုပုဂ္ဂိုလ်အား၊ မနောသဉ္စေတနာ၊ သိခြင်းစိတ်ကိုစေ့
ဆော်ခြင်းမနောသဉ္စေတနာဟု ဆို အပ်သော၊ အာဟာရော၊ဆောင်ခြင်း
အာဟာရသည်လည်း၊ပရိညာ၊ပိုင်းခြားခြင်းသို့၊ဂန္တွာ၊ရောက်၏၊အတ္တဝါဒု
ပါဒါနေနစ၊ငါ၏ကိုယ်ဟူ၍စွဲလမ်းခြင်းအတ္တဝါဒုပါဒါန်ဖြင့်လည်း၊အနုပါဒါ
နော၊စွဲလမ်းခြင်း ဥပါဒါန်မရှိသည်၊ ဘဝတိ၊ဖြစ်၏၊ အဝိဇ္ဇာယောဂေန၊
မသိခြင်း၌ယှဉ်တတ်သော အဝိဇ္ဇာယောဂနှင့်လည်း၊ ဝိသံယုတ္တော၊မယှဉ်
သည်၊ဘဝတိ၊ဖြစ်၏၊ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထေနစ၊ ဤငါ၏အယူ

သည့်သဘောချင်းမှန်၏ဟူ၍ မြဲမြဲသွားစွဲလမ်းခြင်းရုပ်နာမ် နှစ်ပါးအပေါင်း၌ဖြေ
နှိုင်ခဲသည်ကိုပြုတတ်သော ဣဒံသစ္စာဘိ နိဝေသကာယ ဂန္ထနှင့်လည်း၊
ဝိပ္ပယုတ္တတိ မဟုတ်၊ အဝိဇ္ဇာသဝေန၊ မသိခြင်း၌ယိုစီးခြင်း အဝိဇ္ဇာသဝဖြင့်
လည်း၊ အနာသဝေါ၊ ယိုစီးခြင်းအာသဝေါမရှိသည်၊ ဘဝတိ၊ ဖြစ်၏၊ အဝိဇ္ဇော
ဃေ မသိခြင်းအဝိဇ္ဇာသို့နစ်မွန်းခြင်း အဝိဇ္ဇောဃကိုလည်း၊ ဥတ္တိဏ္ဏော၊ လွန်
မြောက်သည်၊ ဘဝတိ၊ ဖြစ်၏၊ မောဟသလ္လေန၊ တွေဝေခြင်း မောဟ
ဟူသောမြားဖြင့်လည်း၊ ဝိသလ္လော၊ မရှိမဝင်သည်၊ ဘဝတိ၊ ဖြစ်၏၊ အသော၊
ထိုပုဂ္ဂိုလ်အား၊ သင်္ခါရဒုက္ခတာယ၊ ပြုပြင်ခြင်းသင်္ခါရ၌လည်း၊ ရာဂေါ၊ တပ်
ခြင်းရာဂသည်၊ ပဟီနော၊ ပျောက်သည်၊ ဘဝတိ၊ ဖြစ်၏၊ မောဟာဂတိံ၊ တွေ
ဝေသောအားဖြင့်မထားအပ်သည်သို့ ထားခြင်းသို့၊ နဂစ္ဆတိ၊ မလား၊ အယံ၊
ဤသည်ကား၊ ပဟာနေန၊ ပယ်ခြင်းဖြင့်၊ သမာရောပနာ၊ ကောင်းစွာတင်ခြင်း
တည်း၊ ။ဧတေန၊ ထိုကြောင့်၊ အာယသ္မာ မဟာကစ္စာနော၊ အရှင်မဟာ
ကစ္စည်းမထေရ်သည်၊ ။ယေ ဓမ္မာ၊ အကြင်သီလ အစရှိကုန်သော တရား
တို့သည်၊ ယံမူလာ၊ အကြင်အဖြစ်မူလ တည်ကြည်ခြင်း သမာဓိအစရှိကုန်
သောတရားတို့၏၊ တေဓမ္မာ၊ ထိုသီလအစရှိကုန်သောတရားတို့ကို၊ တေသံ၊
ထိုတည်ကြည်ခြင်းသမာဓိအစရှိသည်တို့၏၊ ပဒဋ္ဌာနဝသေန၊ နီးစွာသော
အကြောင်း၏အစွမ်းဖြင့်၊ သမာရောပယိတဗ္ဗာ၊ ကောင်းစွာတင်အပ်ကုန်၏၊
ကေတ္တာ၊ တူးသောအနက်ရှိကုန်သော၊ ယေ၊ အကြင်ရာဂဝိရာဂ အစရှိကုန်
သောသဒ္ဒါတို့ကိုလည်း၊ ရုနိနေ့၊ မြတ်စွာဘုရားသည်၊ ပကာသိတာ၊ ပြအပ်
ကုန်ပြီ၊ တေ၊ ထိုသဒ္ဒါတို့ကို၊ သမာရောပယိတဗ္ဗာ၊ ကောင်းစွာ တင်အပ်ကုန်
၏၊ ယော သံဝဏ္ဏနာ ဝိသေသော၊ အကြင်ဖွင့်ကြောင်း သံဝဏ္ဏနာ အထူး
သည်၊ တေသံ ဓမ္မာနံ၊ ထိုသီလအစရှိကုန်သောတရားတို့ကို၊ ပဒဋ္ဌာနဝေဝစ
နာဒိ သမာရောပနဝိဓာနလက္ခဏော၊ နီးစွာသော ပရိယာယ် အစရှိသည်
တို့၏အဖြစ်ဖြင့် ကောင်းစွာ တင်အပ်သည်ဖြစ်၍ စီရင်ခြင်း လက္ခဏာရှိ၏၊
ဧသော၊ ဤဖွင့်ကြောင်း သံဝဏ္ဏနာအထူးသည်၊ သမာရောပနော ဟာရော၊
ကောင်းစွာ တင်အပ်သည်ကို ဆောင်ခြင်းဟူ ဆိုအပ်သော သမာရောပန
ဟာရမည်၏၊ ဣတိ ဤသို့၊ အာဟ၊ မိန့်တော်မူ၏၊ ။သမာရောပနော ဟာ
ရော၊ ကောင်းစွာတင်အပ်သည်ကို ဆောင်ခြင်းဟူ ဆိုအပ်သော သမာရော
ပနဟာရကို၊ နိယုတ္တော၊ ပါဠိတော်မှ ထုတ်၍ ယှဉ်စေအပ်ပြီ၊ ။ဟာရဝိ
ဘင်္ဂေါ၊ ဆောင်ခြင်း ဟာရတို့ကို ခွဲခြမ်းခြင်းသည်လည်း၊ နိဋ္ဌိတော၊ ပြီးခြင်းသို့
ရောက်ပြီ၊ ။

## ၁၉—ဒေသနာဟာရသမ္ပါတ၊

ပဌမံ၊ ရှေးဦးစွာ၊ သောဠသဟာရာ၊ တဆဲ့ခြောက်ပါးသော ဆောင်ခြင်း ဟာရတို့ကို၊ သုံးဖွင့်၊ ဖွင့်အပ်သော သံဝဏ္ဏေတဗ္ဗသုတ်၌၊ ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်၏၊ ဒိသာလောစနေန၊ အရပ်ကိုကြည့်ဆင်ခြင်သောဒိသာလောစနနည်းဖြင့်၊ ဒိသာ၊ အရပ်မျက်နှာတို့ကို၊ ဝိလောကေတွာ၊ ကြည့်ဆင်ခြင်၍ အင်္ကုသေနတိ ချိတ်ငင်ပေါင်းရုံးခြင်းဟုဆိုအပ်သောအင်္ကုသနည်းဖြင့်၊ သံခိပိသ၊ ရုံးချုံး၍၊ တိပိ၊ သုံးပါးကုန်သော၊ နယေဟိ၊ နည်းတို့ဖြင့်၊ သုတ္တံ၊ အနက်ကိုပြဘတ်သောသုတ်ကို၊ နိဒ္ဒိသေ၊ ပြရာ၏၊ ဣတိ၊ ဤသို့၊ ယာဂါထာ၊ အကြင်ဂါထာကို၊ နိဒ္ဒေသ၊ နိဒ္ဒေသ၌၊ မယာ၊ ငါသည်၊ ဝုတ္တာ၊ ဆိုအပ်ပြီ၊ တဿာ၊ ထိုဂါထာ၏၊ နိဒ္ဒေသ၊ နိဒ္ဒေသကို၊ ကုဟိံ၊ အဘယ်၌၊ ဒဋ္ဌဗ္ဗော၊ ရှုအပ်သနည်း၊ ဟာရသမ္ပါတေ၊ ဟာရသမ္ပာတ၌၊ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏၊ တတ္ထ၊ ထိုတဆဲ့ခြောက်ပါးသောဟာရတို့တွင်၊ ဒေသနာဟာရသမ္ပါတော၊ ဒေသနာဟာရသမ္ပာတသည်၊ ကတမော၊ အဘယ်နည်း၊ အရက္ခိတေန၊ မစောင့်ရှောက်အပ်သည့်သည်းဖြစ်သော၊ မိစ္ဆာဒိဋ္ဌိဟတေန၊ မှားသောအယူဖြင့်နှိပ်စက်ဖျက်ဆီးအပ်သည်သည်းဖြစ်သော၊ ထိနမိဒ္ဓါဘိဘူတေန၊ ထိနမိဒ္ဓသည်နှိပ်စက်အပ်သည်သည်း ဖြစ်သော၊ စိတ္တေန၊ စိတ်ဖြင့်၊ မာရဿ၊ ထိထေသာမာရ်၏၊ ဝသံ၊ အလိုသို့၊ ဂစ္ဆတိ၊ လိုက်ရ၏၊ ဣတိ၊ ဤသို့၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တံ၊ ဟောတော်မူအပ်၏၊ အရက္ခိတေနစိတ္တေနာတိ၊ ဣမိနာပဒေန၊ အရက္ခိတေနစိတ္တေနဟူသောဤပုဒ်ဖြင့်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ကိံ၊ အဘယ်ကို၊ ဒေသယတိ၊ ဟောတော်မူသနည်း၊ ပမာဒံ၊ မေ့လျော့ခြင်းကို၊ ဒေသယတိ၊ ဟောတော်မူ၏၊ တံ၊ ပမာဒနှင့်၊ ထိုမေ့လျော့ခြင်းသည်၊ မစ္စုနော၊ သေခြင်း၏၊ ပဒံ၊ အကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိဟတေန စာတိ ဧတ္ထ၊ မိစ္ဆာဒိဋ္ဌိဟတေနစဟူသောဤပါဠိ၌၊ ယဒါ၊ အကြင်အခါ၌၊ အနိစ္စေ၊ မမြဲသည်၌၊ နိစ္စန္တိ၊ မြဲ၏ဟူ၍၊ ပဿတိ၊ မြင်၏၊ တဒါ၊ ထိုအခါ၌၊ မိစ္ဆာဒိဋ္ဌိ ဟတံနာမ၊ မှားသောအယူဖြင့်နှိပ်စက်ဖျက်ဆီးအပ်သည်မည်၏ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ အနိစ္စသ၊ မမြဲသော၊ ခန္ဓပဉ္စကဿ၊ ခန္ဓာငါးပါးအပေါင်းကို၊ နိစ္စန္တိ၊ မြဲ၏ဟူ၍၊ ယံဒဿနံ၊ အကြင်မြင်ခြင်းသည်၊ အတ္ထိ၊ ရှိ၏၊ သော၊ ထိုမှားသောမြင်ခြင်းသည်၊ ဝိပလ္လာသော၊ ဖောက်ပြန်သောအားဖြင့်ယူခြင်းတည်း၊ သောပနဝိပလ္လာသော၊ ထိုဖောက်ပြန်သောအားဖြင့်ယူခြင်းသည်ကား၊ ကိံ လက္ခဏော၊ အဘယ်မှတ်ကြောင်း လက္ခဏာ ရှိသနည်း၊

ဝိပလ္လာသော၊ ဖေါက်ပြန်သောအားဖြင့် ယူခြင်းသည်၊ ဝိပရိတဂ္ဂါဟလက္ခဏော၊ ဖေါက်ပြန်သောအားဖြင့်ယူခြင်းလက္ခဏာရှိ၏၊ သောဝိပလ္လာသော၊ ထိုဖေါက်ပြန်သောအားဖြင့်ယူခြင်းသည်၊ကိံ၊အဘယ်ကို၊ဝိပလ္လာသယတိ ဖေါက်ပြန်သောအားဖြင့်ယူသနည်း၊သညံ၊အမှတ်သညာကို၊စိတ္တံ၊သိခြင်း စိတ်ကို၊ဒိဋ္ဌိံ၊မှားသောအယူကို၊ ဣတိ၊ဤသို့၊ တယော၊သုံးပါးသော တရားတို့ကို၊ဝိပလ္လာသယတိ၊ ဖေါက်ပြန်စေ၏၊ သော၊ထိုဖေါက်ပြန်သော အားဖြင့်ယူခြင်းသည်၊ကုတ္တိ၊အဘယ်၌၊ဝိပလ္လာသယတိ၊ ဖေါက်ပြန်စေသနည်း၊စတူသု၊လေးပါးကုန်သော၊ အတ္တဘာဝဝတ္ထုသု၊စွဲလမ်းခြင်းဥပါဒါနက္ခန္ဓာဟုဆိုအပ်သောအတ္တဘာဝဝတ္ထုတို့၌၊ဝိပလ္လာသယတိ၊ ဖေါက်ပြန်စေ၏၊ရူပံ၊ရုပ်ကို၊ အတ္တတော၊ အတ္တဘောအားဖြင့်၊ သမနုပဿတိ၊ရှု၏၊ အတ္တာနံ၊ အတ္တဘောကို၊ရူပဝန္တံဝါ၊ရုပ်ရှိ၏ဟူ၍လည်း၊ သမနုသတိ၊ ရှု၏၊ အတ္တနိဝါ၊အတ္တဘော၌မူလည်း၊ရူပံ၊ရုပ်ကို၊သမနုပဿတိ၊ရှု၏၊ ရူပသ္မိံဝါ ရုပ်၌မူလည်း၊အတ္တာနံ၊ အတ္တဘောကို၊သမနုပဿတိ၊ရှု၏၊ ဝေ၊ဤအတူ ဝေဒနံ၊ ခံစားခြင်းဝေဒနာကို၊ (ပ)၊သညံ၊ အမှတ်ပြု၍သိခြင်းသညာကို၊ သင်္ခါရေ၊ပြုပြင်ခြင်းသင်္ခါရတို့ကို၊ဝိညာဏံ၊ဝိညာဉ်ကို၊အတ္တတော၊အတ္တဘောအားဖြင့်၊သမနုပဿတိ၊ရှု၏၊အတ္တာနံ၊အတ္တဘောကို၊ ဝိညာဏဝန္တံဝါ၊ဝိညာဉ်ရှိ၏ဟူ၍လည်း၊သမနုပဿတိ၊ရှု၏၊အတ္တနိဝါ၊ အတ္တဘော၌မူလည်း၊ဝိညာဏံ၊ဝိညာဉ်ကို၊ သမနုပဿတိ၊ရှု၏၊ဝိညာဏသ္မိံဝါ၊ ဝိညာဉ်၌မူလည်း၊အတ္တာနံ၊ အတ္တဘောကို၊ သမနုပဿတိ၊ရှု၏၊ တတ္ထ၊ထိုဖေါက်ပြန်ခြင်းရုပ်ခံစားခြင်းဝေဒနာစသည်တို့တွင်၊ရူပံ၊ဖေါက်ပြန်ခြင်းရုပ်သည် ပဌမံ၊ရှေးဦးစွာသော၊အသုဘေ၊မတင့်တယ်ခြင်း၌၊သုဘန္တိ၊ တင့်တယ်၏ဟူ၍၊ဝိပလ္လာသဝတ္ထု၊ ဖေါက်ပြန်ခြင်း ဝိပလ္လာသ၏ တည်ရာဝတ္ထုသည်၊ ဟောတိ၊ဖြစ်၏၊ဝေဒနာ၊ ခံစားခြင်းဝေဒနာသည်၊ ဒုတိယံ၊ နှစ်ခုမြောက်သော၊ ဒုက္ခေ၊ ဆင်းရဲခြင်း၌၊ သုခန္တိ၊ ချမ်းသာ၏ဟူ၍၊ ဝိပလ္လာသဝတ္ထု၊ ဖေါက်ပြန်ခြင်းဝိပလ္လာသ၏တည်ရာဝတ္ထုသည်၊ဟောတိ၊ဖြစ်၏၊သညာစ၊ အမှတ်ပြုခြင်းသညာသည်လည်းကောင်း၊သင်္ခါရာစ၊ပြုပြင်ခြင်းသင်္ခါရတို့ သည်လည်းကောင်း၊ တတိယံ၊ သုံးခုမြောက်သော၊ အနတ္တနိ၊ငါဟူသော အတ္တမဟုတ်သည်၌၊ အတ္တာတိ၊ ငါဟူသောအတ္တဟူ၍၊ ဝိပလ္လာသဝတ္ထု၊ ဖေါက်ပြန်ခြင်းဝိပလ္လာသ၏တည်ရာဝတ္ထုသည်၊ဟောတိ၊ဖြစ်၏၊ ဝိညာဏံ၊ ဝိညာဉ်သည်၊စတုတ္ထံ၊လေးခုမြောက်သော၊ အနိစ္စေ မမြဲသည်၌၊နိစ္စန္တိ၊ မြဲ၏ဟူ၍၊ဝိပလ္လာသဝတ္ထု၊ဖေါက်ပြန်ခြင်းဝိပလ္လာသ၏ တည်ရာဝတ္ထုသည်

ဟောတိ၊ ဖြစ်၏၊ တဏှာစ၊ တဏှာလည်းကောင်း၊ အဝိဇ္ဇာစ၊ အဝိဇ္ဇာလည်း ကောင်း၊ ဣတိ၊ ဤသို့၊ ဒွေ၊ နှစ်ပါးကုန်သော၊ မူလာ၊ တရားတို့သည်၊ စိတ္တဿ၊ စိတ်ကို၊ သံကိလေသာ၊ ညစ်ညူးစေတတ်ကုန်၏၊ တဏှာနိဝုတံ၊ တဏှာဖြင့် ဖုံးလွှမ်းအပ်သော၊ စိတ္တံ၊ စိတ်သည်၊ အသုဘေ၊ မတင့်တယ်သည်၌၊ သုဘန္တိ စ၊ တင့်တယ်၏ဟူ၍လည်းကောင်း၊ ဒုက္ခေ၊ ဆင်းရဲခြင်း၌၊ သုခန္တိ စ၊ ချမ်း သာ၏ဟူ၍ လည်းကောင်း၊ ဒွီဟိ၊ နှစ်ပါးကုန်သော၊ ဝိပလ္လာသေဟိ၊ ဖောက် ပြန်ခြင်းတို့ဖြင့်၊ ဝိပလ္လာသိယတိ၊ ဖောက်ပြန်၏၊ ဒိဋ္ဌိနိဝုတံ၊ ဒိဋ္ဌိဖြင့်ဖုံး လွှမ်းအပ်သော၊ စိတ္တံ၊ စိတ်သည်၊ အနိစ္စေ၊ မမြဲသည်၌၊ နိစ္စန္တိ စ၊ မြဲ၏ဟူ၍ လည်းကောင်း၊ အနတ္တနိ၊ အတ္တမဟုတ်သည်၌၊ အတ္တာတိ စ၊ အတ္တဟူ၍ လည်းကောင်း၊ ဒွီဟိ၊ နှစ်ပါးကုန်သော ဝိပလ္လာသေဟိ၊ ဖောက်ပြန်ခြင်းတို့ ဖြင့်၊ ဝိပလ္လာသိယတိ၊ ဖောက်ပြန်၏၊ တတ္ထ၊ ထိုဝိပလ္လာသတို့တွင်၊ ယော ဒိဋ္ဌိ ဝိပလ္လာသော၊ အကြင်မှားသောအမြင်အားဖြင့်ဖောက်ပြန်ခြင်းကို၊ ဝုတ္တော၊ ဆိုအပ်၏၊ သော ဒိဋ္ဌိပလ္လာသော၊ ထိုမှားသော အမြင်အားဖြင့် ဖောက်ပြန် ခြင်းသည်၊ အတီတံ၊ လွန်လေပြီးသော၊ ရူပံ၊ ရုပ်ကို၊ အတ္တတော၊ အတ္တအား ဖြင့်၊ သမနုပဿတိ၊ ရှု၏၊ အတီတံ၊ လွန်လေပြီးသော၊ ဝေဒနံ၊ ဝေဒနာကို (ပ)၊ အတီတံ၊ လွန်လေပြီးသော၊ သညံ၊ သညာကို၊ အတီတေ၊ လွန်လေပြီးသော၊ သင်္ခါရေ၊ သင်္ခါရတို့ကို၊ အတီတံ၊ လွန်လေပြီးသော၊ ဝိညာဏံ၊ ဝိညာဉ်ကို၊ အတ္တတော၊ အတ္တအားဖြင့်၊ သမနုပဿတိ၊ ရှု၏၊ တတ္ထ၊ ထိုဝိပလ္လာသတို့တွင် ယော တဏှာဝိပလ္လာသော၊ အကြင်တဏှာဖြင့် ဖောက်ပြန်ခြင်းကို၊ ဝုတ္တော၊ ဆိုအပ်၏၊ သော တဏှာဝိပလ္လာသော၊ ထိုတဏှာဖြင့်ဖောက်ပြန်ခြင်းသည်၊ အနာဂတံ၊ ဖြစ်လတ္တံ့သော၊ ရူပံ၊ ရုပ်ကို၊ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏၊ အနာဂတံ၊ ဖြစ်လတ္တံ့သော၊ ဝေဒနံ၊ ဝေဒနာကို၊ (ပ)၊ အနာဂတံ၊ ဖြစ်လတ္တံ့ သော၊ သညံ၊ သညာကို၊ အနာဂတေ၊ ဖြစ်လတ္တံ့ကုန်သော၊ သင်္ခါရေ၊ သင်္ခါရတို့ကို၊ အနာဂတံ၊ ဖြစ်လတ္တံ့သော၊ ဝိညာဏံ၊ ဝိညာဉ်ကို၊ အဘိ နန္ဒတိ၊ အလွန်နှစ်သက်၏၊ တဏှာစ၊ တဏှာလည်းကောင်း၊ အဝိဇ္ဇာစ၊ အဝိဇ္ဇာလည်းကောင်း၊ ဣတိ၊ ဤသို့၊ ဒွေ၊ နှစ်ပါးကုန်သော၊ မူလာ၊ တရားတို့ သည်၊ စိတ္တဿ၊ စိတ်ကို၊ ဥပက္ကိလေသာ၊ ညစ်ညူးစေတတ်ကုန်၏၊ တာဟိ၊ ထိုတပ်ခြင်းတဏှာ မသိခြင်းအဝိဇ္ဇာတို့မှ၊ ဝိသုဇ္ဈန္တံ၊ စင်သည်ဖြစ်သော်၊ စိတ္တံ၊ စိတ်သည်၊ ဝိသုဇ္ဈတိ၊ စင်၏၊ ယေသံ၊ အကြင်သူတို့၏၊ စိတ္တံ၊ စိတ် သည်၊ အရက္ခိတံ၊ မစောင့်ရှောက်အပ်သည်လည်း၊ ဟောတိ၊ ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိဟတဉ္စ၊ မှားသော အယူဖြင့်နှိပ်စက် ဖျက်ဆီးအပ်သည်လည်း၊

ဟောတိ၊ဖြစ်၏၊ တေသံ၊ထိုမစောင့် ရှောက်အပ် သည်ဖြစ်၍ မှားသော အယူဖြင့် နှိပ်စက် အပ်သော စိတ်ရှိကုန်သော၊ နပိဏ္ဍာ နိဝရဏာနံ၊အ ပိဏ္ဍာဟူသော ပိတ်ပင်ခြင်း နိဝရဏ ရှိကုန်သည်ဖြစ်၍၊ တဏှာ သံယော ဇနာနံ၊တဏှာဟူသောအနှောင်အဖွဲ့သံယောဇဉ်ရှိကုန်သည်ဖြစ်၍၊ သကိံ၊ တကြိမ်၊နိရယံ၊ငရဲသို့၊သကိံ၊တကြိမ်၊တိရစ္ဆာနယောနိံ၊တိရစ္ဆာန်အမျိုး သို့၊ သကိံ၊တကြိမ်၊ ပေတ္တိဝိသယံ၊ပြိတ္တာဘုံသို့၊ သကိံ၊တကြိမ်၊အသုရ ကာယံ၊အသုရကာယ်ဘုံသို့၊ သကိံ၊တကြိမ်၊ဒေဝေ၊နတ်ပြည်တို့သို့၊သကိံ တကြိမ်၊ မနုဿေ၊လူပြည်တို့သို့၊ သန္ဓာဝန္တာနံ၊ ပြေးသွားကုန်ထသော၊ သံသရန္တာနံ၊ရွေ့သောအားဖြင့်ကြင်လည်ကုန်ထသော၊ သတ္တာနံ၊ရုပက္ခန္ဓာ စသည်ပဉ္စက္ခန္ဓ်ကပ်ငြိကုန်သောသတ္တဝါတို့၏၊ပုဗ္ဗကောဋိ၊ရှေးအစအစွန်း သည်၊နပညာယတိ၊မထင်၊ ၊ထိနမိဒ္ဓါဘိဘူတေနာတိ၊ထိနမိဒ္ဓါဘိဘူတေ နဟူသည်ကား၊စိတ္တဿ၊စိတ်၏၊ယာအကလ္လတာ၊အကြင်မခန့်ကျန်းသော အဖြစ်သည်၊ယာအကမ္မနိယတာ၊အကြင်အမှုဖို့မခန့်သောအဖြစ်သည်၊အဇ္ဈ ရှိ၏၊ရှုဒ်၍အမှုဖို့မခန့်သောအဖြစ်သည်၊ထိနံနာမ ထိနမည်၏၊ကာယဿ၊ နာမကာယ၏၊ ယံထိနတ္တံ၊ အကြင်တွန့်တိုသော အဖြစ်သည်၊ အဇ္ဈ ရှိ၏၊ ရှုဒ်၍တွန့်တိုသော အဖြစ်သည်၊ မိဒ္ဓံနာမ၊မိဒ္ဓမည်၏၊ဝသံမာဝေသာဂန္တ တိတိ၊ ဝသံမာဂေသာဂန္တတိဟူသည်ကား၊ကိလေသမာရဿ၊ကိလေသ မာရ်လည်းကောင်း၊ သတ္တမာရဿစ၊ ဒေဝပုတ္တမာရ်၏ လည်းကောင်း၊ ဝသံ၊အလိုသို့၊ဂန္တတိ၊လိုက်ရ၏၊ဟိ၊မှန်၏၊ သော၊ထိုမာရ်၏အလိုနိုင်ငံသို့ လိုက်ရသောသူသည်၊ နိဝုတော၊ ကိလေသာတို့ဖြင့်ဖုံးလွှမ်းအပ်သည်ဖြစ် ၍၊သံသာရာဘိမုခေါ၊ကြင်လည်ရာသံသရာသို့ရှေးရှုသည်၊ဟောတိ၊ဖြစ်၏၊ နဣစ္ဆတိ၊ဣစ္ဆိတသတ္တာကိုလည်းကောင်း၊သမုဒယော၊သမုဒယသစ္စာကိုလည်း ကောင်း၊ဒုက္ခနိဿရဏံ၊ ဤနှစ်ပါးသောသစ္စာတို့ကို၊ဘဂဝတာ၊မြတ်စွာ ဘုရားသည်၊ဒေသိတာနိ၊ဟောတော်မူအပ်ကုန်၏၊ တေသံ၊ထိုသစ္စာနှစ်ပါး တို့ကို၊ ပရိညာယစ၊ပိုင်းခြား၍သိခြင်းငှါ၊ပဟာနာယစ၊ ပယ်ခြင်းငှါ လည်းကောင်း၊မြတ်စွာဘုရားသည်၊ ဓမ္မံ၊တရားကို၊ ဒေသေတိ၊ဟောတော် မူ၏၊ဒုက္ခဿ၊ဒုက္ခသစ္စာကို၊ပရိညာယ၊ပိုင်းခြား၍သိခြင်းငှါ၊သမုဒယဿ၊ သမုဒယသစ္စာကို၊ ပဟာနာယ၊ ပယ်ခြင်းငှါ၊ဒေသေတိ၊ ဟောတော်မူ၏၊ ယေနစ၊အကြင်အရိယမဂ်ဖြင့်သည်၊ပရိဇာနာတိ၊ပိုင်းခြား၍သိ၏၊ယေနစ အကြင်အရိယမဂ်ဖြင့်လည်း၊ ပဇဟတိ၊ပွန့်၏၊ အယံ၊ ဤအရိယမဂ်သည်၊ မဂ္ဂေါ၊ဆင်းရဲကင်းရာကိုရှာတတ်သောမဂ္ဂသစ္စာမည်၏၊ ဝ ၊ ယော၊ ယေစ၊ တဏှ

ခြင်းတဏှာကို လည်းကောင်း၊ အဝိဇ္ဇာယာစ၊ မသိခြင်းအဝိဇ္ဇာကို လည်း
ကောင်း၊ ယံပဟာနံ၊ အကြင်ပယ်ခြင်းသည်၊ အတ္ထိ၊ ရှိ၏၊ အယံ၊ ဤပယ်ခြင်း
သည်၊ နိရောဓော၊ ချုပ်ရာနိရောဓသစ္စာမည်၏၊ စတ္တာရိ၊ လေးပါးကုန်သော၊
ဣမာနိ သစ္စာနိ၊ ဤသစ္စာတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ တေန၊ ထိုကြောင့်၊
ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အရက္ခိတေနစိတ္တေနာတိ၊ အရက္ခိတေနစိတ္တေ
နဟူ၍၊ အာဟ၊ မိန့်တော်မူ၏၊ ။ တေန၊ ထိုကြောင့်၊ အာယသ္မာ မဟာကစ္စာ
နော၊ အရှင်မဟာကစ္စည်းထေရ်သည်၊ အဿာဒဒီနဝတာတိ၊ အဿာဒဒီန
ဝတာဟူ၍၊ အာဟ၊ မိန့်တော်မူ၏၊ ။ ဒေသနာ ဟာရသမ္ပါတော၊ ဟော
အပ်သည်ကိုဆောင်ခြင်းအလျဉ်ဟုဆိုအပ်သောဒေသနာဟာရ၏ သမ္ပာတကို
နိယုတ္တော ပါဠိတော်မှ ထုတ်၍ဖော်ပြအပ်ပြီ။ ။

## ၂၀-ဝိစယဟာရသမ္ပါတ။

တတ္ထ၊ ထိုအဆဲ့ခြောက်ပါးသောဟာရတို့တွင်၊ ဝိစယောဟာရသမ္ပါတော
ရွေးချယ်အပ်သည်ကိုဆောင်ခြင်းအလျဉ်ဟုဆိုအပ်သောဝိစယဟာရသမ္ပါ
တသည်၊ ကတမော၊ အဘယ်နည်း၊ တဏှာပစနေ ထိုဂါထာ၌၊ တဏှာ၊ တပ်
ခြင်းတဏှာသည်၊ ကုသလာပိ၊ အဖြစ်မရှိသောကုသိုလ်တရားလျှင် အာရုံရှိ
သောတဏှာလည်းကောင်း၊ အကုသလာပိ၊ အဖြစ်ရှိသောအကုသိုလ်တရား
လျှင်အာရုံရှိသောတဏှာလည်းကောင်း၊ ဣတိ၊ ဤသို့၊ ဒုဝိဓာ၊ နှစ်ပါးအပြားရှိ
သည်၊ ဟောတိ၊ ဖြစ်၏၊ အကုသလာ၊ အဖြစ်ရှိသောအကုသိုလ် တရားလျှင်
အာရုံရှိသောတဏှာသည်၊ သံသာရဂါမိနီ၊ ကြင်လည်ရာသံသရာသို့ရောက်
စေတတ်၏၊ ကုသလာ၊ အဖြစ်မရှိသော ကုသိုလ်တရားလျှင်အာရုံရှိသောတ
ဏှာသည်၊ အပစယဂါမိနီ၊ ငြိမ်းရာနိဗ္ဗာန်သို့ရောက်စေတတ်၏၊ ပဟာနတ
ဏှာ၊ တဒင်္ဂပဟာန်စသောပဟာန်၏အကြောင်းဖြစ်သောတဏှာသည်၊ ဟော
တိ၊ ဖြစ်၏၊ မာနောပိ၊ တက်ကြွခြင်းမာနသည်လည်း၊ ကုသလောပိ၊ အဖြစ်မရှိ
သောကုသိုလ်တရားလျှင်အာရုံရှိသောမာနလည်းကောင်း၊ အကုသလောပိ၊
အဖြစ်ရှိသောအကုသိုလ်တရားလျှင်အာရုံရှိသောမာနလည်းကောင်း၊ ဣတိ၊
ဤသို့၊ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်၊ ဟောတိ၊ ဖြစ်၏၊ ယံမာနံ၊ အကြင်ထက်
ကြွခြင်းရှေးမာနကို၊ နိဿာယ၊ မှီ၍၊ မာနံ၊ ထက်ကြွခြင်းနောက်မာနကို၊ ပဇ
ဟတိ၊ ပယ်စွန့်၏၊ အယံမာနော၊ ဤထက်ကြွခြင်းမာနသည်၊ ကုသလော၊ အ
ဖြစ်မရှိသောကုသိုလ်တရားလျှင်အာရုံရှိသောမာနမည်၏၊ ယော ပန မာနော၊

အကြင်တက်ကြွခြင်းမာနသည်ကား၊ ဥဒ္ဓစ္စံ၊ ဆင်းရဲကို၊ နိဗ္ဗတ္တယတိ၊ ဖြစ်စေ၏
အယံ မာနော၊ ဤတက်ကြွခြင်းမာနသည်၊ အကုသလော၊ အပြစ်ရှိသောအကု
သိုလ်တရားလျှင်အာရုံရှိသောမာနမည်၏၊ တတ္ထ၊ ထိုနှစ်ပါးသော တဏှာတို့
တွင်၊ ယံ ဒေါမနဿံ၊ အကြင်နှစ်လုံးမသာယာခြင်းသည်၊ နေက္ခမ္မသိတံ၊ တော
ထွက်ခြင်းကိုမှီ၏၊ ဣဒံ ဒေါမနဿံ၊ ဤနှလုံးမသာယာခြင်းသည်၊ ပိဟာပစ္စယာ
တောင့်တခြင်းဟူသောအကြောင်းကြောင့်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ အရိယာ၊ မြတ်
သောအရိယာပုဂ္ဂိုလ်တို့သည်၊ သန္တံ၊ ငြိမ်သက်သော၊ ယံ အာယတနံ၊ အကြင်
မြတ်သောအရိယာတို့၏ကြွန်းဝပ်ရာဖြစ်သောဖိုလ်တရားကို၊ သန္တိကတွာ၊
မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟရန္တိ၊ နေကုန်၏၊ တံ အာယတနံ
ထိုမြတ်သောအရိယာတို့၏ကြွန်းဝပ်ရာဖြစ်သော ဖိုလ်တရားကို၊ အဟံ၊ ငါ
သည်၊ ကုဒါသုနာမ၊ အဘယ်မည်သောအခါ၌၊ သန္တိကတွာ၊ မျက်မှောက်
ပြု၍၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟရိဿံ၊ နေရပါအံ့နည်း၊ ဣတိ၊ ဤသို့၊ အနုတ္တ
ရေသု၊ အတုမရှိမြတ်ကုန်သော၊ ဝိမောက္ခေသု၊ ကျွတ်လွတ်ခြင်းတရားတို့၌၊
တဿ၊ ထိုသူအား၊ ပိဟာ၊ တောင့်တခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ပိဟာပစ္စ
ယာ၊ တောင့်တခြင်းဟူသောအကြောင်းကြောင့်၊ ဒေါမနဿံ၊ နှလုံးမသာယာ
ခြင်းဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ အယံ တဏှာ၊ ဤတပ်ခြင်းတဏှာ
သည်၊ ကုသလာ၊ အပြစ်မရှိသော ကုသိုလ်တရားလျှင်အာရုံရှိသော တဏှာ
မည်၏၊ ရာဂဝိရာဂါ စေတောဝိမုတ္တိ၊ အနာဂါမိဖိုလ်သည်၊ တဒါရမ္မဏာ၊ ဤ
လှုံ့ဆော်သို့မသာတတ်သော အနာဂါမိဖိုလ်ကိုရည်၍ ဖြစ်သော တပ်ခြင်း
တဏှာသည်၊ ကုသလာ၊ အပြစ်မရှိသောကုသိုလ်မည်၏၊ အဝိဇ္ဇာဝိရာဂါ
